www.burmeseclassic.com

အခန်းနဲ့ပါတ် A 45

BURMESE CLASSIC

ပန်းကိုးပွင့်

စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# မအိုစာ

## အခန်းနံပါတ် A-45


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)<br>(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးခဲဇမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)<br>(၁၂၉၉)၊ အောင်သုခ ၂၇-လမ်း။<br>၆-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်<br>၂၀၁၅ ခုနှစ်၊ ဧပြီလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ရွှေမင်းသမီးစာပေ၊<br>ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

၈၉၅-၈၃

မအိုစာ

အခန်းနံပါတ် A-45/မအိုစာ-ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၅
၁၇၆ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ
(၁) အခန်းနံပါတ် A-45


www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်တော်ပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏားပုံ့စံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတာဂ်
၁၃။ ဘီလူးနကွတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘာဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရွာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ ...ည
၃၉။ ချစ်တီးတိုက်
၄၀။ သင်္ချိုင်းကုန်းက ...ဟိုတယ်ကြီး
၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ
၄၂။ ကျောက်ကြီးမောင်နှမ
၄၃။ ဘင်ပုပ်ငရဲကျခံရတဲ့မစော
၄၄။ ခတ်ဆေး
၄၅။ မှင်စာငိုသံ
၄၆။ တစ္ဆေခြောက်တဲ့ခုတင်ကြီး
၄၇။ အစိမ်းမ

ယခု

စာခန်းနံပါတ် A-45

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## ရှစ်လွှာတိုက်တစ်တိုက်ရဲ့အရှေ့ကို ...

အိမ်ပြောင်းရွှေ့တဲ့ကားကြီးတစ်စီး ထိုးဆိုက်လာတယ်။

ထိုကားနဲ့ မရှေးမနှောင်းမှာပဲ တက်စီကားတစ်စီး ရောက်လာပြီး လူရည်သန့်အမျိုးသမီးတစ်ယောက် ဆင်းလာတယ်။



"ဒီလှေကားပဲ ကားဆရာ ...
ဟိုခြောက်လွှာက သံပန်းအဖြူလေးနဲ့အခန်းပဲ၊
ကျွန်မ တက်သွားနှင့်မယ်နော်"

အမျိုးသမီးက ဒရိုင်ဘာကို ပြောဆိုပြီး တိုက်ပေါ်တက်သွားတယ်။

တိုက်က အတော်အသင့် ဟောင်းနွမ်းနေသလို လှေကားက သိပ်ကျဉ်းနေတယ်။

သူမ ငှားရမ်းထားတဲ့ ခြောက်လွှာရောက်တော့ အမောဖြေရင်း ခဏနားလိုက်တယ်။

သံပန်းတံခါးရဲ့အပေါ်မှာ ချိတ်ဆွဲထားတဲ့ သစ်သားဆိုင်းဘုတ်တစ်ခု။

ထိုဆိုင်းဘုတ်ကိုကြည့်မိရင်း ...

"အခန်းကို ငါ့ညီမ လျှော့ခိုင်းတဲ့ဈေးနဲ့ပဲ
အစ်ကိုတို့ ငှားပေးလိုက်မယ်၊ ဒါပေမဲ့ ...
အဝင်ဝမှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမဖြုတ်ပါနဲ့၊ ပြီးတော့ ...

နောက်ဖေးတံခါးပေါက်ကိုလည်း လုံးဝမဖွင့်ပါနဲ့၊

ဒါလေးတော့ လိုက်နာပေးရမယ်”

အိမ်ရှင်လူကြီးရဲ့စကားကြောင့် သူမ အံ့အားသင့်သွားတယ်။

“ရှင် ... ဘာကြောင့်လဲရှင့်၊

အစ်ကိုတို့ပြောတဲ့ စည်းကမ်းကို

ကျွန်မ လိုက်နာနိုင်ပေမယ့်

သိချင်ရုံသက်သက်ပါ”

အိမ်ရှင်လူကြီးက သူမစကားကြောင့် ရယ်ကျဲကျဲအမူအရာနဲ့ ...

“ဪ ... ဘာရယ်တော့မဟုတ်ပါဘူး ညီမရဲ့၊

ဒီဆိုင်းဘုတ်ရှိတော့ လူရှိန်တာပေါ့ကွ၊

နောက်ဖေးတံခါး မဖွင့်ခိုင်းတာက ...

အစ်ကိုတို့တိုက်က ဟောင်းနေပြီလေ၊



နောက်ဖေးဘက်ဝန်ရတာက သိပ်ဆွေးနေပြီကွ၊

ဒါ့ကြောင့် ... စိုးရိမ်လို့ သတိပေးရတာပါ”

အခန်းငှားဖို့ ငွေချေစဉ်က အိမ်ရှင်ပြောခဲ့တဲ့စကားတွေ။

သူမ ထိုဆိုင်းဘုတ်ကို ခြေဖျားထောက်ပြီး ကြည့်လိုက်မိတယ်။

ဖုန်မှုန့်တွေ၊ ပင့်ကူမျှင်တွေ တက်နေပေမယ့် ဆေးသားက အထင်အရှား။

“ဒေါ်ခင်သက်သက် ...

ဒုတိယညွှန်ကြားရေးမှူး”

သူမ ထိုဆိုင်းဘုတ်ကို ငေးကြည့်နေစဉ်မှာပဲ လှေကားက အသံဗလံတွေ ကြားလိုက်ရတယ်။

အလုပ်သမားတွေ ကြိတ်သားဗီရိုကြီး သယ်လာပြီ။

သူမ အတွေးစပြတ်တောက်ပြီး သံပန်းတံခါးကို ဖွင့်လိုက်တယ်။

လူမနေတာကြာတဲ့အတွက် အခန်းထဲက အောက်

www.burmeseclassic.com



သိုးသိုး အနံ့ကြီး ထွက်လာတယ်။

ခဏကြာတော့ အလုပ်သမားတွေ ရောက်လာကြပြီး ပစ္စည်းတွေ တစ်ခုပြီးတစ်ခု နေရာချကြတယ်။

သူမလည်း ပစ္စည်းချရမယ့်နေရာပြရင်း နာရီဝက်ကျော် အလုပ်ရှုပ်သွားတယ်။

အားလုံးပြီးလို့ နာရီကြည့်တော့ ညနေစောင်းတော့မယ်။

ဒါ့ကြောင့် ... ရေမိုးချိုးပြီး ရေမွှေးပြမ္မွေ့ရာလေးပေါ် ခြေပစ်လက်ပစ် အနားယူလိုက်မိတယ်။

အဲကိုလာဖွင့်ထားတဲ့အသံကို နားထောင်ရင်း သူမ မျက်လုံးတွေ မှေးစင်းလာတယ်။

ဒုတ် ... ဒုတ်။

အသံက နားထဲ သဲ့သဲ့လေး ကြားလိုက်ရတယ်။

လေးလံနေတဲ့မျက်ခွံကို အတင်းဖွင့်ဖို့ ကြိုးစားလိုက်မိ တယ်။

အားပါးပါး ... ယောကျ်ားကြီးတစ်ယောက်ရဲ့ပေါင်လုံး



လောက်ရှိတဲ့ စိမ်းရင့်ရောင် မြွေကြီးတစ်ကောင်။

အိမ်တံခါးဝကို ဦးခေါင်းနဲ့ တဒုတ်ဒုတ်ဆောင့်ပြီး အိမ် ထဲ လှည့်သွားနေပြီ။

မြွေကြီးရဲ့အရောင်က တိုက်ခန်းဆေးရောင်နဲ့ တစ်ထပ် တည်း။

အိမ်အနှံ့လှည့်လည်သွားနေရာက သူမရဲ့အိပ်ရာနား ရောက်လာပြီ။

မြွေကြီးရဲ့ရဲတွတ်နေတဲ့ မျက်လုံးတွေက သူမကို စိုက် ကြည့်နေတယ်။

တဖြည်းဖြည်း ထိုမြွေကြီးဟာ ပါးပြင်းထောင်တဲ့အနေ အထားကနေ အသွင်တစ်ခုကို ပြောင်းလဲသွားတယ်။

ရင်တစ်ဖက်တစ်ချက်ဆီမှာ ဆံပင်ဖားလျားချထားတဲ့ မိန်းမကြီးတစ်ယောက် ...

မျက်နှာကြီးက မာထန်သလို၊ သိပ်ကြောက်ဖို့ကောင်း တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောက်မက်ဖွယ်မျက်နှာကြီးနဲ့ သူမကို လက်ညှိုး ထိုးပြီး စူးစိုက်ကြည့်နေတယ်။

သူမလည်း ကြောက်လန့်စိတ်နဲ့ အိပ်ရာက ဆတ်ခနဲ ထထိုင်လိုက်မိတယ်။ ရင်တစ်ခုလုံး မောဟိုက်နေပြီး အိပ်ရာ ဘေး ပြန်ကြည့်လိုက်တော့ ဘာမှမတွေ့ရတော့ဘူး။

သူမ ရေခဲသေတ္တာရှိရာ လျှောက်သွားပြီး ရေဘူးထဲက ရေကို တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်တယ်။

ရင်ထဲ အေးသလိုရှိတော့မှ သက်မောချလိုက်မိရင်း ...

"ငါ အိပ်မက်မက်နေတာလား၊

တကယ်ပဲ ဖြစ်သွားခဲ့တာလား၊

အဖြစ်အပျက်ကတော့ သိပ်ဆန်းတယ်၊

မြွေကို မြင်မက်တာဆိုတော့ ငါ့အတွက်

လာဘ်ကောင်းမှာပါ"

လို့ တွေးလိုက်မိတယ်။

□□□

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

"ခြင်ဆေးခွေတစ်ဘူးနဲ့မီးခြစ်ပေး

အဒေါ်"

တိုက်အောက်ရှိ ကုန်စုံဆိုင်လေးထဲ ဝင်ပြီး ဈေးဝယ်

လိုက်တယ်။

ဆိုင်ရှင်က သူမကို လှည့်ကြည့်ပြီး ခြင်ဆေးခွေဘူ



လှမ်းယူပေးရင်း ...

"ဟိုနေ့က ပြောင်းလာတဲ့ လူသစ်ထင်တယ်၊

ဘယ်အလွှာမှာ နေတာလဲကွဲ့"

လို့ မေးလာတယ်။

"အဒေါ့်ဆိုင်အပေါ်က ခြောက်လွှာမှာပါ"

စကားနည်းတဲ့ သူမ ... ထိုသို့ဖြေရင်း ပိုက်ဆံရှင်းပေး

လိုက်တယ်။

အဒေါ်ကြီးက သူမကိုကြည့်ပြီး ...

"ဩော် ... ခြောက်လွှာအခန်းကကိုး၊

စပ်စုတယ်လို့ မထင်နဲ့နော် သမီး၊

မိသားစုများလားဟင်"

ဆိုင်ရှင်ရဲ့အမေးကို သူမ ဘဝင်မကျပေမယ့် လူမှုရေး

ရ ...

"မများပါဘူး ... ခုတော့ ...'

ကျွန်မတစ်ယောက်တည်းပါ၊

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားက နယ်မှာ အလုပ်မပြတ်သေးလို့
ရောက်မလာသေးပါဘူး အဒေါ်”

ဆိုင်ရှင်ဒေါ်ကြီးရဲ့မျက်နှာမှာ တစ်မျိုးတမည် ပြောင်းလဲသွားပြီး ...

“သြော် ... ဟုတ်လား သမီး၊
တစ်ယောက်တည်းဆိုတော့ ...
အကူအညီလိုရင် ပြောပါကွယ်၊
သတိဝီရိယလေးနဲ့တော့ နေပေါ့ကွယ်”

“ရှင် ... ဘာကြောင့်လဲ အဒေါ်၊
ဒီရပ်ကွက်က သူခိုးတွေ၊ဘာတွေ
ပေါလို့လားရှင့်”

ဆိုင်ရှင်က လက်ကာပြရင်း ...

“အို ... ဒါမျိုးတော့ တို့ရပ်ကွက်မှာ
မရှိပါဘူးကွယ်၊ မိန်းကလေးတစ်ယောက်တည်းမို့
အဒေါ်က စိတ်ပူလို့ ပြောတာပါ၊



ပြီးတော့ ...”

စကားမဆုံးခင်ဘဲ ဈေးဝယ်ရောက်လာတဲ့အတွက် သူမလည်း တိုက်ခန်းပေါ် ပြန်တက်ခဲ့လိုက်တယ်။

လှေကားက ကျဉ်းသလို တစ်ချိန်လုံး မှောင်မည်းနေတယ်။

သူမဟာ လှေကားထစ်တွေကို ရေတွက်ရင်း စမ်းတဝါးဝါး တက်ခဲ့ရတယ်။

ငါးလွှာရဲ့ လှေကားအကွေ့ရောက်တော့ အပေါ်က ဆင်းလာတဲ့ ခြေသံတွေ ကြားလိုက်ရတယ်။

သူမလည်း အလျင်အမြန် ဘေးကပ်ပေးလိုက်တယ်။

“ဘယ်လိုလူလည်း မှောင်နေပါတယ်ဆိုမှ၊
ကျားလိုက်သလို ဆင်းလာရတယ်လို့”

နှုတ်က ရေရွတ်ရင်း သူမ လှေကားထောင့်ကို လှမ်းကြည့်လိုက်မိတယ်။ ခုပဲ သူမနားက ဖြတ်ဆင်းသွားတဲ့လူ ဘယ်ရောက်သွားပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သူမ လှေကားတစ်ထစ်ကို ပြန်ဆင်းပြီး ကြည့်လိုက်တယ်။

ခြေသံလုံးဝမကြားရဘူး။

ဘာလဲ ... ဘယ်လိုလဲဆိုတဲ့အတွေးနဲ့ သူမ အခန်းထဲဝင်ခဲ့လိုက်တယ်။

အခန်းထဲရောက်ပြီး လက်ကိုင်ဖုန်းကို လှမ်းကြည့်လိုက်တော့ ... မစ်ကောဝင်နေတာ တွေ့ရတယ်။

ဒါ့ကြောင့် ... ချက်ချင်း ဖုန်းပြန်ခေါ်ဖို့ ပြင်လိုက်တယ်။

"ဟဲလို ... အေမီလား၊

နင် ဖုန်းခေါ်ထားတာတွေ့လို့၊

အေး ... ငါ အဆင်ပြေပါတယ်၊

နင်တို့ရော ကိုနေ့သတင်း ဘာကြားသေးလဲ၊

ဟုတ်လား၊ အေးပါဟာ ...

ငါ နောက်ရက်လောက် လာခဲ့မယ်လေ၊

ဩော် ... နင် စာသင်နေတာလား၊



ဒါဆိုလည်း နောက်မှတွေ့မယ်နော်၊

ငါ့အတွက် ဘာမှစိတ်မပူနဲ့ သူငယ်ချင်း၊

ဒါပဲနော် ..."

သူမ ဖုန်းပြောပြီး ဗိုက်ဆာတာနဲ့ ကော်ဖီသောက်ဖို့ ပြင်လိုက်တယ်။

ကော်ဖီဖျော်ရင်းက စိတ်တွေ အတွေးရောက်ပြီး သက်ပြင်းချလိုက်မိတယ်။

သူမနာမည်က အိန္ဒိဂျယ်။

တောင်ပေါ်မြို့လေးကနေ ချစ်သူအဆင့်ထက်ပိုတဲ့ ယောက်ျားတစ်ယောက်ကို ရှာဖွေဖို့ ရန်ကုန်မြို့ကြီး ခြေချမိသူ။

သူမနဲ့ကိုနေဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေ။

ကိုနေ့ဘက်က မိသားစုပြဿနာတစ်ခုကြောင့် မပြောမဆိုဘဲ မြို့လေးက ပျောက်သွားခဲ့တာ။

သူမ အခု ရန်ကုန်ရောက်လာတာ အဖော်မဲ့တော့ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲမှာ သုံးလလောက်ရှိနေတဲ့ ရင်သွေးလေးနဲ့ အတူပေါ့။

သူငယ်ချင်းအေမီရဲ့အကူအညီနဲ့ ဒီတိုက်ခန်းလေး ငှားဖြစ်ခဲ့ခြင်းပါ။

"ဒုန်း"

အသံကြောင့် သူမ အတွေးစပြတ်သွားတယ်။

နောက်ဖေးဘက် လှမ်းကြည့်လိုက်တော့ ပြတင်းတံခါးပွင့်နေတာ မြင်လိုက်ရတယ်။

"ဟင် ... တံခါးက ဂျက်ထိုးထားတာပဲ၊

ဘာလို့များ ပွင့်သွားရပါလိမ့်"

နှုတ်က ရေရွတ်ရင်း ပြတင်းပေါက်နား လျှောက်သွားလိုက်တယ်။

တိုက်ခန်းတစ်ခုလုံးထက်စာရင် နောက်ဖေးပိုင်းက ပိုဟောင်းနွမ်းဆွေးမြည့်နေတယ်။

သူမဟာ ပြတင်းပေါက်ကနေပြီး လှမ်းကြည့်မိတယ်။



ဟောင်းနွမ်းဆွေးမြည့်နေတဲ့ နောက်ဖေးဝရန်တာ။

ဒီဝရန်တာဘက်ကိုမထွက်ဖို့ အိမ်ရှင်က တားမြစ်ထားတယ်။

ဟုတ်ပါရဲ့ ... လက်ရန်းက တစ်ဝက်ကျိုးပြီး ဆွေးမြည့်နေတာ။

ဒါကြောင့် ... နောက်ဖေးတံခါးမဖွင့်ဖို့ တားမြစ်ထားတာနေမှာ။

ဒါပေမဲ့ ... ဒီလောက်ကျိုးပျက်နေတဲ့ နောက်ဖေးပိုင်းကိုဘာကြောင့် အိမ်ရှင် မပြင်သလဲဆိုတာ တွေးစရာပဲ။

သူမဟာ ပြတင်းတံခါးကို သေချာပြန်ပိတ်လိုက်ရင်းနံရံရဲ့တစ်နေရာဆီ အကြည့်ရောက်သွားတယ်။

အုတ်နံရံကို ထိုးဖောက်ဝင်နေတဲ့ ညောင်ကိုင်းကြီးတစ်ခု။

ဘယ်လောက်နှစ်တွေကြာအောင် အမြစ်တွယ်ခဲ့လဲ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ထိုညောင်ကိုင်းကြီးဟာ ရေညှိအလိမ်းလိမ်းတက်နေတယ်။

ညောင်ကိုင်းကြီးဟာ နောက်ဖေးတံခါးဘက်ကနေ သူနဲ့အနီးစပ်ဆုံးရှိတဲ့ အိမ်သာထဲ ထိုးဝင်နေတယ်။

အိမ်သာထဲကို သေချာကြည့်မိတော့ အိမ်သာအပေါ်ဖြတ်တင်းပေါက်သေးသေးလေးမှာ ညောင်ကိုင်းရော၊ ညောင်ရွက်တွေပါ တွေ့ရပြန်တယ်။

ဘာကြောင့်မှန်းမသိပေမယ့် ထိုနောက်ဖေးဘက်မှာနေရင်း သူမ ကြက်သီးထသလိုကြီး ခံစားနေရတယ်။

ဒါ့ကြောင့် အိမ်ရှေ့ဘက်ကို အမြန်ထွက်ခဲ့မိတယ်။

□□□

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## အချိန်က ည (၈) နာရီကျော်ပြီ။

ဒီည ကော်ဖီသောက်တာ နောက်ကျတဲ့အတွက် လုံးဝ အိပ်မပျော်ဘူး။

ဒါကြောင့် ... ဝရန်တာထွက်ပြီး ထိုင်လိုက်မိတယ်။

သူတို့တိုက်က ကားလမ်းမကြီးရဲ့ဘေးမှာ ရှိတာမို့



မျက်နှာချင်းဆိုင်တိုက်ကို သူမ သတိပြုမိသွားတယ်။

ဒီနေရာကို စရောက်တည်းက သူမ မျက်နှာချင်းဆိုင် တိုက်ရဲ့ခြောက်လွှာကို သတိပြုမိတယ်။

ဒီည ... ထိုအခန်းက ထူးခြားနေတယ်။

ဘာကြောင့်လဲဆိုတော့ ညစဉ် ထိုအခန်းက မီးဖွင့်လေ့ မရှိဘူး။

ကြည့်ရတာ ... မီးပိတ်ပြီး စောစောအိပ်ရာဝင်ပုံရပါ တယ်။

ဒီညတော့ မီးရောင်မှိန်မှိန်လေး လင်းနေသလို ... ဝရန် တာမှာ ထောင်ထားတဲ့ ခြင်ထောင်အရိပ်ပါ မြင်နေရတယ်။

လေတိုက်နေတဲ့အတွက် ခြင်ထောင်စ လေထဲလွင့်နေ တာတောင် တွေ့နေရတယ်။

ဒီအချိန်မှာပဲ ခြင်ထောင်ထဲက လှုပ်ရှားသွားတဲ့ အရိပ် တစ်ခု။ ဆံပင်ဖရိုဖရဲနဲ့ မိန်းမတစ်ယောက် ထွက်လာပြီး ဝရန် တာကနေ အိမ်ထဲဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမလည်း အိပ်မပျော်တဲ့အတွက် ဘာရယ်ဖဟုတ်ဘဲ ထိုအခန်းကိုပဲ ငေးစိုက်ကြည့်နေမိတယ်။

အချိန်သာကြာသွားတယ် ... ထိုမိန်းမ ပြန်ထွက်မလာဘူး။

အပေါ့အလေး ထ,သွားရင် ဒီချိန်လောက်ဆို ခြင်ထောင်ဆီ ပြန်လာသင့်ပြီလေ။

ခုတော့ ... အချိန်က လေးနာရီတောင် ထိုးတော့မယ်။

လုံးဝ ပြန်ထွက်လာတာ မတွေ့ရဘူး။

ဘာကြောင့်မှန်းမသိပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ။

ပြီးတော့ လေအေးလို့ထင်ပါရဲ့ ... သူမ ကြက်သီးတွေ ထ,လာတယ်။

ဝတ်ထားတဲ့အကျီက ပါးလို့ သူမ အေးလာတာဖြစ်မှာပဲ။

ဒါကြောင့် ဝရန်တာကခွာပြီး အိပ်ရာဆီ ဝင်ခဲ့မိတယ်။



ဗိုက်ထဲက ဆာသလိုရှိတာကြောင့် နေ့လယ်က ကြော်ထားတဲ့ ကြက်ကြော်ကို သတိရမိတယ်။

ဒါ့ကြောင့် ကြက်ကြော်ထည့်ထားတဲ့ဘူးကိုဖွင့်ပြီး စားဖို့ ပြင်လိုက်တယ်။

"အို ... ငါ ကြက်ကြော်ငါးတုံး ကြော်ထားတာပါ၊

ညနေကလည်း မစားဖြစ်ပါဘူး၊

ခု ... ကြက်ကြော်က သုံးတုံးပဲ ရှိတော့တယ်၊

ဘာ့ကြောင့်လဲ"

အတွေးနဲ့အတူ ကြက်ကြော်တစ်တုံးကို ယူပြီး စားလိုက်တယ်။

စားရင်းလည်း ကြက်ကြော်နှစ်တုံးပျောက်တာ တွေးနေမိတယ်။

ဒါပေမဲ့ ... အဖြေကို စဉ်းစားလို့ကို မရဘူး။

"ငါလည်း ကိုနေ့ကြောင့် စိတ်ဖိစီးမှုတွေများပြီး မေ့တတ်နေပြီထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ ငါ တစ်ယောက်ပဲရှိတာ

ငါ့ဟာငါ စားမိပြီး မေ့နေတာပဲ ဖြစ်မှာပါလေ”

လို့ တွေးပြီး အိပ်ရာဝင်လိုက်တယ်။

ခေါင်းအုံးနဲ့ခေါင်းထိတယ်ဆိုရုံပဲ ရှိသေးတယ် ...

ဖယောင်းကော်ဖောပေါ် ခြေရှုပ်တိုက်သွားသံလို၊ တံမြက်စည်း

ရှပ်တိုက်လှဲနေသလို အသံကြီး ကြားလိုက်ရတယ်။

ဘယ်က အသံပါလိမ့်။

ဘေးခန်းကများလား၊ ဒါမှမဟုတ် စည်ပင်ကများ

လမ်းမမှာ သန့်ရှင်းရေးလုပ်နေတာလား။

သူမ အရမ်းစိတ်ဝင်စားသွားပြီး အိပ်ရာကနေ အသာ

ထလိုက်တယ်။

အသံကို နားစွင့်ရင်း ဧည့်ခန်းဘက် သွားလိုက်တယ်။

ဒါပေမဲ့ ... အသံက သူမရဲ့ဘေးက သွားနေသလိုမျိုး

ကြားနေရတယ်။

တဖြည်းဖြည်း ချောက်ချားသလိုကြီး ခံစားလာရတယ်။



သူမ ခြေလှမ်းလှမ်းလိုက်ရင် ရှပ်ခနဲအသံက ကြားရ

သလို ရပ်လိုက်တော့ မကြားရတော့ပြန်ဘူး။

သူမစိတ်ထဲ ကြောက်စိတ် ကြီးစိုးသွားပြီး ဆတ်ခနဲ

နောက်ပြန်လှည့်လိုက်မိတယ်။

ဒီအချိန်မှာပဲ တစ်စုံတစ်ခုနဲ့ သူမ ဝင်တိုက်မိသလို ခံစား

လိုက်ရတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

အကွေ့အကောက်များပြီး ... မတ်စောက်တဲ့ တောင်တက်လမ်းမကြီး။

ထိုလမ်းရဲ့တစ်နေရာမှာ ခြံကျယ်ကြီးတစ်ခြံ ရှိနေတယ်။

တောင်တက်လမ်းနဲ့ဆေား ကုန်းလျှောလေးအတိုင်း ဆင်းသွားရင် ထိုခြံကြီးရဲ့ဝင်ပေါက် ခြံတံခါးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



စုလျစ်မွန်းချွန်တွေနဲ့ တန်ဆာဆင်ထားတဲ့ ရှေးဟောင်းအိမ်ကြီးတစ်လုံး။

ထိုအိမ်ကြီးရဲ့ပြတင်းပေါက်ကို လှမ်းကြည့်ရင် လှုပ်ရှားနေတဲ့ အရိပ်တစ်ခုကို မြင်နေရတယ်။

မဟာဆန်လှတဲ့ မြန်မာအမျိုးသမီးတစ်ဦး။

ဇာပါးအင်္ကျီ ပိုးချိတ်ထဘီနဲ့ မှန်တင်ခုံရှေ့ တင်ပလ္လင်ထိုင်နေတဲ့ အမျိုးသမီး။

သူမဟာ ရှည်လျားလှတဲ့ ဆံနွယ်တွေကို ရင်ဘတ်တစ်ဖက်တစ်ချက်စီချရင်း ဘီးနဲ့ ဖြီးသင်နေတယ်။

ခေါင်းဖြီးနေရာက သူမ ဖြည်းညင်းစွာ ထလိုက်တယ်။

ပြီးတော့ ... ပြတင်းပေါက်ရှိရာ လျှောက်လာပြီး တစ်နေရာစီ ငေးစိုက်ကြည့်နေတယ်။

ခြံကြီးရဲ့ထောင့်တစ်နေရာ ...

သူမရဲ့အကြည့်က ထိုနေရာဆီရောက်နေပြီး တဖြည်းဖြည်း ကြေကွဲလွမ်းဆွတ်အရိပ်တွေ ယှက်သန်းလာတယ်။



ခြံထောင့်မှာရှိနေတာက အုတ်ဂူဖြူလေးနှစ်လုံး။

ထိုအုပ်ဂူနှစ်လုံးကိုကြည့်ရင်း သူမရဲ့မျက်လုံးအိမ်မှာ မျက်ရည်စတွေ ရစ်သိုင်းလာတယ်။

ပြီးတော့ သူမတစ်ကိုယ်လုံး သိမ့်သိမ့်တုန်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေရှာတယ်။

... တီ ... တီ ... တီ ...

ဖုန်းမှ အလမ်းမြည်သံကြောင့် အိန်ဂျယ် လန့်နိုးသွားတယ်။

"ဟင် ... ငါ့မျက်လုံးမှာ မျက်ရည်စတွေနဲ့ပါလား၊

ငါ အိပ်နေတာလည်း အိပ်ရာပေါ်မှာမဟုတ်ဘူး၊

ကြမ်းပေါ်ကြီးမှာပါလား"

သူမ ကြမ်းပြင်ပေါ်က လူးလဲထရင်း မအိပ်ခင်က အဖြစ်ကို ပြန်တွေးမိတယ်။

ခြေသံလို ရုပ်တိုက်သံကြားလို့ သူမ ထကြည့်ရင်း တစ်စုံတစ်ယောက်နဲ့ ဝင်တိုက်မိသလို ခံစားခဲ့ရတာ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ ကြမ်းပေါ်မှာ အိပ်ပျော်သွားပြီး ရှေးခေတ်ကလို မိန်းမတစ်ယောက်ကို အိပ်မက်မက်တာ။

အခု ... ထိုအိပ်မက်ကို ပြန်သတိရပြီး သူမ ရင်တစ်ခုလုံး နွမ်းနယ်နေသလို ခံစားနေရတယ်။

ဒီတိုက်ခန်းစရောက်တည်းက အိပ်မက်တွေက ထူးဆန်းနေတယ်။

သူမစိတ်ထဲမှာလည်း တစ်မျိုးကြီး ခံစားနေရတယ်။

ကောင်းခြင်းလား၊ ဆိုးခြင်းလားတော့ မသိဘူး။

"ဒေါက် ... ဒေါက် ... ဒေါက် ..."

တံခါးခေါက်သံကြောင့် သူမ အတွေးရပ်သွားပြီး ဖွင့်ပေးလိုက်မိတယ်။ တံခါးဝမှာရပ်နေတဲ့ အေမီကို မြင်ရတဲ့အခါ သူမ အားတက်သွားပြီး ...

"ဟယ် ... သူငယ်ချင်း နင် လာတယ်ပေါ့၊

ငါက နင် အားမယ်လို့ ထင်မထားဘူး၊

လာ ... လာ ... အိမ်ထဲဝင်ဟယ်"



အေမီက အိမ်ထဲဝင်လိုက်ရင်း ...

"သတင်းကတော့ ထူးပြီ အိန်ဂျယ်ရေ၊

ငါ ကိုနေ့သတင်းရရချင်း နင့်ဆီ ပြေးလာတာ၊

ကိုနေ ဒီမှာမရှိဘူးတဲ့ ... လားရှိုးဘက်

တက်သွားတယ်လို့ သတင်းရတယ်"

အေမီဆီက မမျှော်လင့်တဲ့စကားကြောင့် သူမ ရင်တုန်သွားမိတယ်။

"ဟယ် ... ဟုတ်ရဲ့လား သူငယ်ချင်းရယ်၊

ငါက သူ ရန်ကုန်မှာရှိတယ်ဆိုလို့

အရဲစွန့်ပြီး လိုက်လာမိတာ၊ ပြီးတော့ ...

ငါ့ ... ငါ့ဗိုက်ထဲမှာလည်း သူနဲ့ရတဲ့

ကလေးလေး ရှိနေတယ်လေဟာ၊

ငါ ... ငါ ... ဘာလုပ်ရမလဲ သူငယ်ချင်းရယ်"

အိန်ဂျယ်ဟာ အားငယ်စိတ်နဲ့ မျက်ရည်ကျ ငိုကြွေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



“စိတ်မကောင်းမဖြစ်ပါနဲ့ သူငယ်ချင်းရယ်၊
ဖြစ်လာမှာတော့ အားလုံးကို ရင်ဆိုင်ရုံပေါ့ဟာ၊
ကိုနေကလည်း နင့်ကို သိပ်ချစ်တာ
ငါတို့ သိပါတယ်၊ သူ့ကို သူ့အိမ်က
အမွေဖြတ်လိုက်တော့ သူ့စိတ်ထဲ
နာကျင်သွားပုံပဲဟာ၊ ကဲပါလေ ...
ဒါတွေ ခဏမေ့ထားလိုက်ပါ၊
အရေးကြီးတာက နင်နဲ့ ဗိုက်ထဲက ကလေးပဲဟာ၊
ဒါကိုပဲ ... နင် ဂရုစိုက်သင့်တယ်၊
လာဟာ အောက်ဆင်းပြီး
တစ်ခုခု သွားစားရအောင်”

အေမီက ထိုသို့ နှစ်သိမ့်ပေမယ့် သူမရင်ထဲတော အတော်ကြီး ခံစားနေရတယ်။

ကိုနေနဲ့သူ လက်ထပ်ဖို့ အားလုံးစီစဉ်ပြီးမှ သူ့အိမ်ေ သဘောမတူလို့ ကိုနေ မြို့ကထွက်သွားခဲ့တာ။



ကိုနေတစ်ယောက် ဘယ်ရောက်လို့ ဘာတွေလုပ်နေ မလဲဆိုတဲ့ အတွေးက အတော့်ကို ရင်ထဲပူလောင်မိတယ်။

“ဘာတွေတွေးနေတာလဲ အိန်ဂျယ်၊
အောက်ဆင်းရအောင်လေဟာ”

သူငယ်ချင်းဖြစ်သူက သူမရဲ့လက်မောင်းကို လှုပ်ပြော လိုက်မှ သတိဝင်လာပြီး အဝတ်စားလဲဖို့ ပြင်လိုက်တယ်။

အေမီဟာ အဝတ်လဲနေတဲ့ အိန်ဂျယ့်ကိုစောင့်ရင်း တိုက် ခန်းကို လှည့်ပတ်ကြည့်နေမိတယ်။

တိုက်ခန်းက လူငှားတွေသာ တစ်ဦးပြီးတစ်ဦး ပြောင်း သွားတယ်။

ပြုပြင်မှုမရှိတာကြောင့် တချို့နေရာမှာ ဆေးတွေကွာ နေသလို အက်ကြောင်းလိုက်တာတွေလည်း ရှိနေတယ်။

အေမီဟာ လိုက်လံကြည့်ရှုရင်းက တိုက်ခန်းနံရံရဲ့ အပေါ်ဆီ အကြည့်ရောက်သွားတယ်။

ဘုရားခန်းဘက်ရှိရာနေရာတွေမှာ လေးဘက်လေးထံ

www.burmeseclassic.com

www.burmeseclassic.com



သံစို့နဲ့ရိုက်ထားတဲ့ သံပရာသီးတွေ ...

သံပရာသီးတွေက ကာလကြာမြင့်နေတဲ့အတွက် ခြောက်ကရောင်းနေပြီ။

အေမီဟာ သံစို့နဲ့ရိုက်ထားတဲ့ သံပရာသီးတွေကိုကြည့်ပြီး စိတ်ထဲ တွေဝေသွားမိတယ်။

"ငါပြီးပြီလေဟာ ... လာ ...

အောက်ဆင်းကြမယ်"

အိန်ဂျယ်က နံဘေးရောက်လာပြီး ပြောတဲ့အတွက် သူမ တွေဝေစိတ်တွေ လွင့်ပျောက်ပြီး အိန်ဂျယ်နဲ့အတူ အောက်ဆင်းခဲ့ရတယ်။

□□□

## အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

## နာမည်ကြီးလက်ဖက်ရည်ဆိုင်တစ်ခုထဲ

● ● ● သူမတို့နှစ်ယောက် ထိုင်မိကြတယ်။

အေမီက လက်ဖက်ရည်နှစ်ခွက်နဲ့ ကြက်သားခေါက်ဆွဲ သုတ် မှာပြီးနောက် ...

"ငါ နင့်ကို ပြောစရာရှိတယ်ဟာ၊



နင် လက်ခံပါ့မလားလို့ ငါတွေးနေတာ၊

ဒါပေမဲ့ ... ငါ့မှာလည်း သူငယ်ချင်းဆိုလို့

နင်ပဲ ရှိတာလေ၊ နော် ... သူငယ်ချင်း"

အေမီ့စကားကြောင့် သူမ မျက်လုံးပင့်ကြည့်ရင်း ...

"အံမယ် ... အပျိုကြီးက စကားအဆန်းတွေ

ပြောနေပါလား၊ ငါ ဘာကူညီပေးရမလဲပြော၊

နင့်ကျေးဇူးက ငါ့အပေါ်မှာ ရှိနေတာပဲဟာ ...

ပြောပါ"

"ဒီလိုဟ ... ငါ့မှာ လက်ထပ်ဖို့

ရည်ရွယ်ထားတဲ့ ချစ်သူ ရှိနေပြီဟ၊

သူက ငါ့ထက် အသက်ငယ်ပေမယ့်

ငါ့ကို သိပ်ချစ်တာဟ၊

ဒါပေမဲ့ ... ငါ့အိမ်က အမေရော၊

အစ်ကိုရောက သူနဲ့ငါ့ကို

သဘောမတူလို့ဆိုပြီး ...

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူကြဘူးဟာ၊ အဲဒါကြောင့် ...
ငါတို့ ချိန်းတွေ့ဖို့ အခက်ဖြစ်နေတယ်ဟာ၊
ဖြစ်နိုင်ရင် ငါတို့ နင့်အိမ်မှာ
ချိန်းတွေ့ချင်လို့ပါ၊
ကူညီပါ သူငယ်ချင်းရယ်”
“ဩော် ... ဒါများ သူငယ်ချင်းရယ် ...
ရပါတယ်ဟာ၊ နင့်ကျေးဇူးလည်း
ငါ့အပေါ်မှာ ရှိနေတာပဲဟာ၊
ငါ့အိမ်မှာ နင်တို့ လွတ်လပ်စွာ
လာတွေ့နိုင်တယ်၊ ဟဲ ဟဲ ...
ငါရှောင်ပေးပါ့မယ်ဟာ၊
ဒါပေမဲ့ ... တစ်ခုတော့ရှိတယ်”
သူမစကားကြောင့် အေမီက ...
“ဘာများလဲ သူငယ်ချင်းရယ်”
လို့ မေးတဲ့အခါ သူမက ...

“ငါလေ ကိုနေရှိနေတဲ့ လားရှိုးကို
လိုက်သွားချင်တယ်၊ ဖြစ်နိုင်ရင် ...
နင် ထပ်ပြီး ငါ့ကိုစုံစမ်းပေးပါလား၊
သူ ဘယ်မှာအလုပ်ဝင်နေလဲဆိုတာ”
အေမီက သက်ပြင်းအသာချရင်း ...
“ငါကတော့ နင့်ကို မပေါ့မပါးကြီးနဲ့
လိုက်မသွားစေချင်ဘူးဟာ၊
နင့်စိတ်က သိပ်ပြင်းပြနေရင်လည်း
ငါ ရအောင်စုံစမ်းပေးပါ့မယ်ဟာ၊
နင့်စိတ်ထဲ သိပ်မတွေးနဲ့တော့နော်
အိန်ဂျယ်”

အေမီ့စကားကြောင့် သူမ အသက်ရှူချောင်သွားသလို ခံစားလိုက်ရတယ်။

စားသောက်ဖွယ်ရာတွေ စားသောက်ပြီးနောက် ကြွက်သားပေါက်စီနှစ်လုံးဝယ်ပြီး သူမ အိမ်ပြန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက ညစာအတွက်လေ။

အမေ့ကို ကားဂိတ်ပို့ပြီး သူမ လမ်းလျှောက်ပြီး တိုက်ဘက် ပြန်ခဲ့တယ်။

တိုက်ခန်းအောက်ရောက်တော့ ...

"သမီး ... သမီး ... နေပါဦး"

ဆိုတဲ့ အသံကြောင့် သူမ အသံရှင်ကို လှည့်ကြည့်လိုက်တယ်။

အောက်ထပ်ဈေးဆိုင်က အဒေါ်ကြီး လှမ်းခေါ်နေတာ။

"ဘာလဲ အဒေါ် ... ဘာကိစ္စရှိလို့လဲ"

ဆိုင်ရှင်အဒေါ်ကြီးက ဆိုင်ထဲကနေ လှမ်းကြည့်ပြီး ...

"ဘာ ... ဘာမှတော့ မဟုတ်ပါဘူးကွယ်၊

စိတ်ပူလို့ နေရထိုင်ရတာများ

အဆင်ပြေရဲ့လားလို့၊

လှမ်းမေးတာပါ သမီးရယ်"

လို့ မေးလာတယ်။



"ဟုတ်ကဲ့ ပြေပါတယ်အဒေါ်၊

ဘာအခက်အခဲမှမရှိပါဘူး ...

ဘာဖြစ်လို့များလဲရှင့်"

ဆိုင်ရှင်အဒေါ်ကြီးက အိုးတိုးအမ်းတမ်းဟန်နဲ့ ...

"အော် ... အေး ... အေး ...

အဆင်ပြေရင် ပြီးတာပါပဲ၊

အဒေါ်က စိတ်ပူလို့ပါကွယ်"

"ဟုတ်ကဲ့ပါ အဒေါ် ... ခွင့်ပြုပါဦး"

ပတ်ဝန်းကျင်နဲ့ စကားများများ မပြောချင်တဲ့အတွက် စကားဖြတ်ပြီး လှေကားပေါ်တက်ခဲ့လိုက်တယ်။

သူ့မှာက ကိုယ့်အကြောင်းနဲ့ကိုယ် မဟုတ်လား။

စိတ်ထဲ တွေးနေမိတာက ကိုနေ့အကြောင်း အမေ အမြန်စုံစမ်းပြီး သတင်းပေးနိုင်ဖို့ပဲ။

ကိုနေနဲ့ အချိန်မီတွေ့မှ သူမမိသားစုကြားမှာ မျက်နှာပြနိုင်မှာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် အရေးကြီးဆုံးက ကိုနေနဲ့ အမြန်တွေ့ဆုံရေးပဲ။

ဒီအချိန်မှာ ဒီကိစ္စကလွဲရင် သူမအတွက် ဘာမှအရေးမကြီးဘူး။ အတွေးနဲ့ လှေကားထစ်တွေအတိုင်း တက်ခဲ့မိတယ်။

သူမရဲ့အခန်းရောက်ခါနီး ငါးလှမ်းလှာရောက်တော့ အရင်တစ်ခါလိုပဲ ပြေးဆင်းလာတဲ့ခြေသံကြီး ကြားရပြန်တယ်။

သူမဘေးက ဖြတ်ဆင်းသွားပေမယ့် လေတိုးသံလို အသံကြီးပဲ ခံစားလိုက်ရတယ်။

ထိုခံစားချက်ကြောင့် သူမကျောထဲ စိမ့်ခနဲဖြစ်သွားမိတာ ...

အခန်းထဲရောက်တော့ ဝယ်လာတဲ့ ပေါက်စီထုပ်လေးကို ရှိုးကေ့စ်ပေါ်တင်ပြီး ရေချိုးဖို့ပြင်လိုက်တယ်။

ရေချိုးခန်းက တံခါးအပြင် ပလတ်စတစ်လိုက်ကာပါ ရှိနေတဲ့အတွက် လိုက်ကာလေးဆွဲကာပြီးပဲ လွတ်လပ်စွာ ရေချိုးလိုက်တယ်။



ရေလောင်းချိုးပြီး ဆပ်ပြာတိုက်စဉ်မှာပဲ မသိစိတ်ထဲ တစ်မျိုးကြီးခံစားလိုက်ရတယ်။

ဒါ့ကြောင့် ဆပ်ပြာကို ရေဆေးပြီး ကြည့်လိုက်တော့ လိုက်ကာစရဲ့အပြင်ဘက်မှာ လူရိပ်လိုအရိပ်ကြီး။

သူမစိတ်ထဲ လန့်သွားပြီး ...

“ဘုရားရေ ... ငါ့အခန်းထဲ လူများဝင်နေတာလား၊ ဒုက္ခပါပဲ ... ငါဘာလုပ်ရမလဲ”

ဆိုတဲ့ အတွေးနဲ့အတူ လိုက်ကာစကို ဆွဲဖယ်ကြည့်လိုက်တယ်။

“ဟင် ... ဘယ်သူမှမရှိပါလား၊ မဖြစ်သေးပါဘူး ... ရေမြန်မြန်ချိုးမှ”

သူမ ရေကို အလျင်အမြန် ချိုးလိုက်တယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

တိုက်ခန်းအနှံ့ နေရာလွတ်မကျန်အောင် ရှာဖွေပေမယ့် ဘယ်သူမှရှိမနေဘူး။

အပြင်သစ်သားတံခါးကို ဖွင့်ကြည့်လိုက်တော့ သော့ဟာ သူမ ခတ်ထားတဲ့အတိုင်းသာ။

ဒါကြောင့် စိတ်ရှုပ်ထွေးစွာ ခေါင်းခါယမ်းလိုက်မိရင်း

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာဘက် ထွက်ခဲ့တယ်။

ဝရန်တာရောက်မှ ကော်ဖီမစ်ကုန်နေတာ သတိရပြီး အောက်ဆင်းရပြန်တယ်။

အောက်ထပ်ဈေးဆိုင်မှာ ကော်ဖီမစ်ဝယ်နေစဉ်မှာပဲ မျက်နှာချင်းဆိုင်တိုက်က အပြောင်းအရွှေ့လုပ်နေတာ တွေ့ရ တယ်။

ဈေးဆိုင်ပိုင်ရှင်အဒေါ်ကြီးက ထိုနေရာကို လှမ်းကြည့် ပြီး ...

"အဲ့ခြောက်လွှာအခန်းက အစိမ်းသေလူသေပြီး ပြောင်းသွားတာလေ၊ ကားအက်စီးဒင့်ပေါ့၊ ကောင်မလေးက နှစ်ဆယ်ပဲ ရှိသေးတာ၊ နာရေးတုန်းကဆို သူ့မိဘတွေများ ငိုလိုက်တာကွယ်၊ သနားစရာပါ"

လို့ ပြောလာတဲ့အတွက် သူမ အံ့အားသင့်သွားပြီး -

"ရှင် ... အဲ့တိုက်က အစိမ်းသေတာလား၊ ခြောက်လွှာဆိုတာ ကျွန်မနဲ့ မျက်နှာချင်းဆိုင် အခန်းလား အဒေါ်"

လို့ စိတ်လှုပ်ရှားစွာ မေးလိုက်မိတယ်။

"အေး ... ဟုတ်တယ်လေ၊ သမီးအခန်းနဲ့ဆို မျက်နှာချင်းဆိုင်ပဲ"

သူမ ပိုမိုစိတ်လှုပ်ရှားသွားပြီး ...

"အရင်က လူတွေက ဘယ်တုန်းတည်းက ပြောင်းသွားတာလဲဟင်"

"အင်း ... ပြောင်းသွားတာက မကြာသေးပါဘူးကွယ် ... သုံးရက်လောက်ပဲရှိသေးတာ"

သူမ ကိုယ်လုံးလေး ဆတ်ခနဲတုန်ပြီး လန့်သွားမိတယ်။ ဈေးဝယ်ပြီး အခန်းပေါ် ပြန်ရောက်တဲ့အချိန်ထိ ကြောက်စိတ်မပြယ်ဘူး။

"မနေ့ညကပဲ ငါ သေချာမြင်လိုက်တာပဲ၊

www.burmeseclassic.com



ဝရန်တာမှာ ခြင်ထောင်ထောင်အိပ်တဲ့

မိန်းမတစ်ယောက်၊ ပြီးတော့ ... နောက်ဖေးထသွားပြီး

လုံးဝခြင်ထောင်ထဲ ပြန်ရောက်မလာဘူး၊

ငါ သရဲအခြောက်ခံရတာ သေချာတယ်၊

ဘုရား ... ဘုရား ကြောက်ဖို့ကောင်းလိုက်တာ"

ထိုသို့တွေးရင်း ရေခဲသေတ္တာထဲက ရေဘူးထုတ်ပြီး မော့သောက်လိုက်တယ်။

နှစ်ကြိမ်အဆင်းအတက်လုပ်ရတာမို့ ဗိုက်ထဲချောင်သလို ရှိနေပြီ။

ဒါ့ကြောင့် ရှိုးကေ့စ်ပေါ်တင်ထားတဲ့ ပေါက်စီကို သတိရပြီး စားဖို့ပြင်လိုက်တယ်။

"ဟင် ... ပေါက်စီက ငါမစားရသေးပါဘူး၊

ဘာလို့ ဒီလိုဖြစ်နေတာလဲ"

သူမ ပေါက်စီကိုကိုင်ရင်း ဇဝေဇဝါဖြစ်သွားတယ်။ ပေါက်စီက တစ်ကိုက် ကိုက်စားထားတဲ့ပုံလိုမျိုး ဖြစ်နေတာ



သူမ တော်တော်လေး လန့်သွားတယ်။

ဒီတိုက်ခန်းရောက်ပြီးကတည်းက တစ်ခါမှ မကြုံဖူးတာတွေ ကြုံနေရတယ်။

ဒီအချိန်မှာပဲ လက်ကိုင်ဖုန်းက သီချင်းသံထွက်လာတယ်။ အေမိဆီက ဖုန်း။

ကိုနေတစ်ယောက် လားရှိုးဘက်မှာရှိတဲ့ ကုန်ကားဒရိုင်ဘာ လုပ်နေတယ်ဆိုတဲ့သတင်း ပေးတာ။

သူမ သူငယ်ချင်းဖြစ်သူကို ကျေးဇူးစကားဆိုပြီး ကြုံနေရတဲ့ အဖြစ်အပျက်တွေကို ပြောပြဖို့ စဉ်းစားလိုက်တယ်။

"ဟုတ်တယ် အေမိ ... ငါ ဒီရောက်ပြီးတည်းက

အထူးအဆန်းတွေချည်း ကြုံနေရတာ၊

ငါ့စိတ်ထဲ တဖြည်းဖြည်း ကြောက်လာသလို

ခံစားနေရတယ်၊ နင် ဘယ်လိုထင်လဲဟင်"

သူမ ပြောပြတဲ့ ဒီတိုက်ခန်းရောက်ပြီး ဖြစ်ပျက်နေတာတွေကို ခေတ်ပညာတတ်ပီပီ အေမိက လက်မခံနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ကြီးနဲ့မို့ စိတ်ချောက်ချားတာပါလို့ပဲ ပြန်တုံ့ပြန်တယ်။

ဒါပေမဲ့ ... အေမီ မေးလိုက်တဲ့စကားတစ်ခွန်းက ...

“တစ်ခုတော့ ရှိတယ်ဟ၊

နင့်အခန်းရဲ့ အိမ်ရှေ့ဘက်နံရံတွေမှာ

သံပရာသီးတွေကို သံစို့နဲ့ ရိုက်ထားတာ

တွေ့ရတယ်၊ အဲဒါက တွေးစရာပဲနော်၊

အေးပါ ... နင် ခရီးမထွက်သေးဘူး မဟုတ်လား၊

ငါသိတဲ့လူတွေကို မေးမြန်းကြည့်ပေးမယ်၊

ဘာမှတော့ လျှောက်တွေးမနေပါနဲ့၊

ဒါပဲဟာ ... ငါ အလုပ်ထဲမှာမို့လို့ ... ဘိုင့်”

သူပြောချင်တာတွေကို တရစပ်ပြောပြီး ဖုန်းချသွားတဲ့ အေမီ့ကြောင့် ... သူမစိတ်ထဲ မကျေနပ်တာတော့ အမှန်။

အေမီပြောမှ သူမ ဘုရားစင်ထားတဲ့ဘက်က နံရံကို သတိထားကြည့်မိတယ်။



သံစို့နဲ့ ရိုက်ထားတဲ့ သံပရာသီးတွေပါလား။

ထိုနေရာတွေကို မော်ကြည့်ရင်း အကြောင်းမဲ့ ကြက်သီးဖျန်းခနဲ ထသွားရတယ်။

တိုက်ခန်းရောက်စကတည်းက ဒါကို သူမ သတိမပြုမိခဲ့ဘူး။

ဘာကြောင့်များ သံပရာသီးတွေကို သံနဲ့ နံရံမှာ စိုက်ထားတာပါလိမ့်။

အိမ်ရှင်ကို လှမ်းမေးကြည့်ရင်ကောင်းမယ်။

စိတ်မြန်တဲ့သူမ ချက်ချင်းပဲ အိမ်ရှင်ရဲ့ ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်တယ်။

အကြိမ်ကြိမ် ပြန်ခေါ်ပေမယ့် ဖုန်းက ဆက်သွယ်မှုပြင်ပပဲ ရောက်နေတယ်။

နာရီလှမ်းကြည့်လိုက်တော့ ညနေစောင်းနေပြီ။

အပြင်မှာတောင် မှောင်စပြိုးနေပြီ။

တိုက်ခန်းက ဟောခန်းဖြစ်တာကြောင့် သူမ အိပ်ရာနဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ပိုင်းကို ရှိုးကေ့စ်နဲ့ပဲ ကာရံထားတာ။

ရေမြှုပ်အိပ်ရာလေးပေါ် သူမ ခြေပစ်လက်ပစ် လှဲချ လိုက်တယ်။

ချောက်ချားနေတဲ့စိတ်ကို ဖျောက်လိုတဲ့အတွက် သူမ ကိုနေနဲ့ စတွေ့ပုံကို ပြန်တွေးလိုက်မိတယ်။

ပြီးခဲ့တဲ့ သင်္ကြန်မှာပေါ့ ...

မြို့လယ်က မဏ္ဍပ်မှာထိုင်ရင်း တွေ့ခဲ့ကြတာ။

မြင်မြင်ချင်းချစ်ဆိုတဲ့စကားနဲ့ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မတွေ့မနေနိုင်အောင် ချစ်ခဲ့ကြတာ။

ဒါ့ကြောင့်လည်း လပိုင်းလေးအတွင်းမှာ အချစ်နယ်တွေ ကျွံခဲ့ကြတာ။

ခုဆို သူမတို့ချစ်သူသက်တမ်း ခုနှစ်လကျော်ပြီ။

တကယ်လည်း နှစ်ယောက်သား ရုံးတက်လက်မှတ်ထိုး ဖို့ အားလုံးစီစဉ်ပြီးသား။

မာနကြီးတဲ့ ကိုနေ ... သူ့အိမ်က သဘောမတူဘူးဆိုရုံနဲ့



တစ်ယောက်တည်း ထွက်သွားပြီး ငွေရှာဖို့ ကြိုးစားနေတာ။

ကိုနေ့စိတ်ကို သူမ နားလည်တယ်။

"ကို့ကို သမီးလေးပဲ မွေးပေးနော် အိန်ဂျယ်၊
အိန်ဂျယ်နဲ့တူတဲ့ သမီးလေးကို
ကိုယ် သိပ်လိုချင်တာပဲ"

နူတ်က တဖွဖွပြောခဲ့တဲ့ ကိုနေ့စကား။

"ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ်
ဗိုက်ထဲက ကလေးလေးကို
ဂရုစိုက်ပါနော် အိန်ဂျယ်၊
ကိုယ် လုံးဝအဆုံးရှုံးမခံနိုင်ဘူး"

ကိုနေနဲ့သူမရဲ့ကြားမှာ စာချုပ်စာတမ်းထက် ခိုင်မြဲတဲ့ သံယောဇဉ်တွေ ရှိနေတယ်။

သူမ ကိုနေ့ကို အကြွင်းမဲ့ယုံကြည်တယ်။

ခုလည်း ကိုနေ့သတင်းအစရတာနဲ့ လားရှိုးတက်ဖို့ သူမ ဆုံးဖြတ်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



"ရှပ် ... ရှပ် ... ရှပ် ... ရှပ် ..."

အတွေးထဲမြောနေစဉ် ကြားလိုက်ရတဲ့အသံကြောင့် အတွေးစပြတ်သွားရတယ်။

ကြားရပြန်ပြီ ဒီအသံ။

ဟိုနေ့ညက ဒီအသံ ကြားရပြီးပြီ။

မိန်းမတစ်ယောက် ထဘီရှပ်တိုက်သွားသလို၊ တံမြက်စည်းလှည်းသံလိုလို အသံကြီး။

အသံက သူမရဲ့ခေါင်းရင်းက လာတဲ့အသံ။

အိပ်ရာကထပြီး ရှိုးကေ့စ်ပေါ်ကနေ လှမ်းကြည့်လိုက်မိတယ်။

မြင်နေရတဲ့အရာကြောင့် သူမ ကြက်သီးဖျဉ်းခနဲထသွားတယ်။

ကျောပေးပြီး လှမ်းလျှောက်နေတဲ့ မိန်းမတစ်ယောက်။ ဝရန်တာဘက်ကို ဦးတည်သွားနေတယ်။ သူမကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင်ဖြစ်မိတဲ့အတွက် မျက်လုံးကို



ပွတ်သပ်ပြီး ပြန်ကြည့်လိုက်တယ်။

ဒါပေမဲ့ ... သူမရဲ့မြင်ကွင်းမှာ ဘာမှရှိမနေတော့ဘူး။

ကြောက်စိတ်က တရိပ်ရိပ်တက်လာပြီး လက်ဖျားတွေအေးစက်လာတယ်။

"ဘုရားရေ ... ငါ တကယ်ပဲ

သရဲခြောက်ခံရပြီထင်တယ်၊

မိန်းမတစ်ယောက်ရဲ့နောက်ကျောကို

ငါ သေချာမြင်လိုက်ရတာပဲ၊

ပြီးတော့ ... ခဏလေးအတွင်းမှာ

ပျောက်သွားတယ်"

သူမရင်ထဲ ကတုန်ကယင်ကြီးဖြစ်လာပြီး အာခေါင်တွေခြောက်သွေ့လာတယ်။

ကြောက်စိတ်နဲ့ပဲ ကမန်းကတန်း ရေခဲသေတ္တာထဲက ရေဘူးကို ပြေးယူသောက်လိုက်မိတယ်။

ထိုစဉ်မှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးဘက်က စလောင်းဖုံးလွတ်ကျသံကို 'ဒွမ်း' ခနဲ ကြားလိုက်ရတယ်။

သူမလည်း မထင်မှတ်ထားတဲ့အတွက် လန့်ဖျပ်ပြီး 'အမေ့' လို့ အော်လိုက်မိသလို ရေဘူးပါ လွတ်ကျသွားတော့တယ်။

ရင်တစ်ခုလုံး ဖြောင်းဆန်မတတ် တုန်ယင်နေပြီ။

နောက်ဖေးက အသံကြားရပေမယ့် သွားလည်း မကြည့်ရဲတော့ဘူး။

ကြောက်စိတ်၊ ချောက်ချားစိတ်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတဲ့အရာ။

သူမရင်ထဲ ကြောက်စိတ် ကြီးစိုးသွားတဲ့အတွက် မနေနိုင်လောက်အောင် ဖြစ်နေပြီ။

ဖုန်းကို သတိရသွားပြီး အလျှင်အမြန် ဆက်လိုက်ရတယ်။

"ဟဲ ... ဟဲလို ... အေ ... အေမီလား၊



ငါ ... ငါ ... သိပ်ကြောက်နေလို့ ...

နင် ... နင် အမြန်လာပေးပါ၊

အမြန်ဆုံးလာနော် သူငယ်ချင်း ... လာခဲ့ပါ"

သူမ တုန်ယင်တဲ့အသံနဲ့ပြောပြီး ဖုန်းချလိုက်တယ်။

ခုချိန်မှာ တိုက်ခန်းတစ်ခုလုံးက ဘယ်နေရာကြည့်ကြည့် ချောက်ချားသလို ခံစားနေရတယ်။

ဝရန်တာကို ထွက်ဖို့ပြင်လိုက်တော့လည်း ခြေထောက်တွေဟာ မလှမ်းဝံ့နိုင်အောင် ဖြစ်နေပြီ။

ဒါကြောင့် စောင်ကို တင်းနေအောင်ခြုံပြီး အိပ်ရာထက် ထိုင်နေမိတယ်။

ပါးစပ်ကတော့ ရသမျှ ဘုရားစာတွေ မှတ်မိသမျှ ရွတ်ဖတ်နေမိတယ်။

နာရီဝက်လောက်ကြာတဲ့အခါ တံခါးခေါက်သံ ကြားလိုက်ရတယ်။

အေမီလာပြီဆိုတဲ့အသိကြောင့် အပြေးတစ်ပိုင်း တံခါး

www.burmeseclassic.com

www.burmeseclassic.com



သွားဖွင့်ပေးမိတယ်။

"ဘယ်လိုဖြစ်တာလဲ အိန္ဒြိယ်ရယ်၊
တော်သေးတာပေါ့ နင်တို့နားက အိမ်မှာ
ငါ စာသင်နေလို့ အမြန်ဆုံးရောက်လာတာ၊
ကြည့်စမ်း ... လက်တွေ အေးစက်နေပါလားဟ၊
နင် ဘာကိုကြောက်နေတာလဲ၊
အိမ်ထဲ သူခိုးဝင်လို့လား"

အမေက သူ့ကို တရစပ်မေးလာတယ်။
သူမ မျက်လုံး မျက်ဆန်ပြူးနဲ့ ...

"ငါ ... ငါ ... သ ... သရဲခြောက်ခံရတယ်၊
ငါ ... ငါ .. သိပ်ကြောက်နေပြီ၊
မနေရဲတော့ဘူး"

"ဘာ ... သရဲခြောက်ခံရတယ် ... ဟုတ်လား၊
ဟုတ်ရဲ့လားဟယ်"

"တကယ်ပါ သူငယ်ချင်းရယ်၊



ငါ အခု သိပ်ကြောက်နေလို့ ...
နင် ဒီည ဒီမှာပဲ နေပေးပါလား"

"အေးပါဟယ် ... အေးပါ၊
နင် ဘာဖြစ်သလဲဆိုတာ ပြောစမ်းပါဟယ်"

အမို့အမေးကြောင့် သူမဟာ တိုက်ခန်းကို စရောက်ချိန်
တည်းက ကြုံရတဲ့အဖြစ်ပျက်တွေကို ပြောပြလိုက်တယ်။

အမေက စိတ်ဝင်တစား နားထောင်ပြီးနောက် ...

"အင်း ... နင်ပြောလို့သာ ကြားရတာ၊
ဒီဘက်ခေတ်ကြီးထဲ ဒါတွေရှိတယ်ဆိုတာ
သိပ်တော့ လက်မခံချင်ဘူးဟ၊
ငါ့အထင်ပြောရရင် ကိုယ်ဝန်ဆောင်သည်ဟာ
ကံနိမ့်တတ်တယ်တဲ့၊ နင် သွေးလေချောက်ချားပြီး
ဒါမျိုးတွေ ကြုံရတာလို့ တွေးမိတယ်၊
ဘာပဲဖြစ်ဖြစ်ဟာ ငါ ရှိနေပြီပဲ
နင် မကြောက်ပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



လို့ နှစ်သိမ့်လိုက်တယ်။

"ငါ ဒီအခန်းမှာ ဆက်နေလို့

ဖြစ်ပါ့မလားမသိဘူးဟာ"

"နင်ကလည်းဟာ ငွေတွေ ဒီလောက်

ပေးပြီးသားကို၊ မနေရင် နင် အရှုံးပဲလေ၊

အဲလိုတော့ မလုပ်ပါနဲ့၊

နင် ငါပြောတာပဲ ယုံပါ၊

နင် စိတ်အားငယ်နေလို့ ...

ဒါမျိုးတွေ မြင်ထင်နေတာပါဟာ၊

ငါ ဗိုက်ဆာပြီဟာ ... ဘာရှိလဲဟင်"

အေမှီရဲ့စကားတွေကြောင့် သူမ စိတ်အားတက်မိ[...]

အမှန်။

ကြောက်စိတ်ကို ဖြေဖျောက်ရင်း အေမီ စားသော[...]

အတွက် ကြက်ဥကြော်နဲ့ပေါင်မုန့် စီစဉ်ပေးလိုက်တယ်။

ထိုညက နှစ်ယောက်သား စကားထိုင်ပြောပြီး [...]



ဆယ့်တစ်နာရီလောက်မှ အိပ်ဖြစ်ကြတယ်။

အေမီက အိပ်ရာပေါ်ရောက်တဲ့အထိ မအိပ်သေးဘဲ သူ့

ဆောင်လေးနဲ့ ဗိုက်ဘာကနေ စာပို့နေတယ်။

ခေါင်းအုံးနဲ့ ခေါင်းထိတယ်ဆိုရုံနဲ့ ပင်ပန်းစိတ်ကြောင့်

သူမ အိပ်ပျော်သလိုဖြစ်သွားတယ်။

ဒီအချိန်မှာပဲ သူမရဲ့နံဘေးဆီ အရိပ်တစ်ခု ကျလာ

တယ်။

ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်။

ခြေမလှမ်းပါဘဲ သူမနံဘေး တဖြည်းဖြည်း ရွေ့လာ

တယ်။

သူမ ကြောင်ငေးကြည့်မိစဉ်မှာပဲ ထိုမိန်းမဟာ သူမရဲ့

ရင်ဘတ်ကို တက်ဖိထားပြီး သူမ လုံးဝလှုပ်လို့မရတော့ဘူး။

အမျိုးမျိုးရုန်းထွက်ပေမယ့် ဘီလူးစီးသလိုကြီး လှုပ်ရှား

လို့မရဘူး။

နှုတ်ကလည်း အေမီကို အော်ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... အသံက လည်ချောင်းဝကနေ လုံးဝထွက်မလာဘူး။

သူမ တဖြည်းဖြည်း မောဟိုက်လာပြီး ချွေးစေးတွေ ပျံလာတယ်။

ရှိသမျှအားကုန်သုံးပြီး ထိုမိန်းမကို တွန်းထုတ်ဖို့ ကြိုးစားလိုက်တယ်။

"ဟဲ့ အိန်ဂျယ် ... အိန်ဂျယ်၊

နင် ... နင် ... ဘာဖြစ်နေတာလဲ အိန်ဂျယ်"

အေမီက သူမရဲ့လက်မောင်းကို လှုပ်ကိုင်ပြီး အော်ခေါ်လိုက်တယ်။

ဒီအခါမှ အိန်ဂျယ်တစ်ယောက် မျက်လုံးပွင့်လာပြီး ... ကြောက်အားတကြီးဟန်နဲ့ ...

"ငါ့ ... ငါ့ကို မိန်းမတစ်ယောက်

ရင်ဘတ်ဖိထားတယ်၊

ငါ ... ငါ အသက်ရှူကြပ်တယ်၊



ရေ ... ရေသောက်ချင်တယ်"

အေမီက အိပ်ရာဘေးထားထားတဲ့ ရေဘူးကိုလှမ်းယူပြီး သူမကို တိုက်လိုက်တယ်။

"နင်ကလဲဟာ အဲဒီချောက်ချားနေတဲ့စိတ်ကြီး

ဖျောက်လိုက်ပါဆို၊ ဘာမှမရှိဘူး၊

ငါတောင် မအိပ်သေးတဲ့ဟာ၊

နင် ဗလုံးဗထွေးနဲ့ ရုန်းကန်နေတာဟ၊

ကြည့်ရတာ နင် ခြေမဆေးဘဲ အိပ်လို့

ဘီလူးစီးတာ ဖြစ်မယ်ဟ"

"ငါ ... ငါ ကြောက်တယ် အေမီရယ်"

အေမီက သူမကို စိတ်မသက်မသာဟန်နဲ့ ကြည့်လိုက်ရင်း ...

"ကဲ ... နင် ဒီလောက်ကြောက်နေရင်လည်း

ငါ နှစ်ဆယ့်လေးပစ္စည်းနဲ့ စည်းချပေးမယ် ...

ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အမေ့မီက ပြောပြောဆိုဆို အိပ်ရာရဲ့ပတ်ပတ်လည်ကို ဘုရားစာရွတ် ရင်းစည်းတားပေးလိုက်တယ်။

"ရပြီ ... စိတ်အေးလက်အေးအိပ်တော့၊
တကယ်ပါပဲ ကြောက်တတ်လိုက်တာ
လွန်ပါရော ... အိပ် ... အိပ်"

□□□

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

**နာရီက** တဖြည်းဖြည်းရွေ့လျားနေတယ်။

အေမီဟာ သူမကောင်လေးနဲ့ ဖုန်းမိုက်ဘာက စကား ပြောရင်းက ငိုက်မြည်းလာတယ်။

အိန်ဂျယ့်ကို ကြည့်လိုက်တော့ အိပ်မောကျနေပြီ။ ဒါ ကြောင့် ဖုန်းကို အားသွင်းပြီး အိပ်စက်ဖို့ ပြင်လိုက်တယ်။



သူမ အိပ်ရာပေါ် ကျောခင်းလိုက်လို့ သိပ်မကြာခင်မှာပဲ တစ်ခါမှ မကြုံဖူးတဲ့အဖြစ်နဲ့ ကြုံလိုက်ရတယ်။

အိပ်ရာရဲ့ခြေရင်းမှာ မည်းမည်းကြီးတစ်ခု ရှိနေသလို ခံစားလိုက်ရတယ်။

ခေါင်းထောင်ကြည့်မိတော့ ဆံပင်ဖားလျားချပြီး လေး ဘက်လေးထောက်နေတဲ့ မိန်းမတစ်ယောက်။

ထိုမြင်ကွင်းကြောင့် သူမ အသက်ရှူရပ်မတတ် အံ့အား သင့်သွားပြီး ...

"ရှင် ဘယ်သူလဲ ... ဘာလာလုပ်တာလဲ"

လို့ မေးလိုက်မိတယ်။

ဆံပင်တွေကြားက မြင်နေရတဲ့ မျက်လုံးအစုံက ရဲတွတ် နေသလို မျက်နှာကြီးက သိပ်ကြောက်ဖို့ကောင်းတယ်။

ထိုမိန်းမက သူမကို အစိမ်းလိုက်ဝါးစားမတတ် စူးစိုက် ကြည့်ရင်း အရိုးပြိုင်းပြိုင်းထနေတဲ့ လက်ကြီးနဲ့ လက်ညှိုးထိုး လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုထုတ်ပေး ... ထုတ်ပေးစမ်း ... ပေးစမ်း"

အိန်ဂျယ့်ကို လက်ညှိုးထိုးပြီး ပြောလာတယ်။

ထိုမိန်းမ ဘာကိုထုတ်စေချင်တာလဲ။

သူမ အလျင်အမြန် တွေးမိရင်း အဖြေထွက်လာတယ်။

မအိပ်ခင်တုန်းက အိန်ဂျယ်ကြောက်တယ်ဆိုလို့ သူမ နှစ်ဆယ့်လေးပစ္စည်းနဲ့ စည်းချပေးခဲ့တာ။

ဒါကြောင့် အိန်ဂျယ်ကို စည်းထဲက ထုတ်ပေးဖို့ တောင်း ဆိုနေတာဖြစ်မယ်။

"မထုတ်ပေးနိုင်ဘူး ... နင် ဘယ်သူလဲ၊

ဘာကြောင့် ငါ့သူငယ်ချင်းကို

နှောင့်ယှက်ချင်ရသလဲ"

သူမရဲ့အမေးကြောင့် ထိုမိန်းမရဲ့မျက်နှာဟာ ကြောက် မက်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွားပြီး ဆံပင်တွေ ဖွာလန်ကျဲမတတ် ခေါင်းခါယမ်းလိုက်တယ်။

"မရဘူး သူ့ကိုထုတ်ပေး ... ထုတ်ပေး၊



ထုတ်ပေး ... ထုတ်ပေး"

အသံကြီးက မာထန်ပြီး ကြောက်ဖို့ ပိုကောင်းလာပြီ။

အေမီကလည်း လေသံမာမာနဲ့ ...

"မပေးဘူး ... လုံးဝထုတ်မပေးနိုင်ဘူး၊

နင်ဟာ မကောင်းဆိုးဝါးပဲ ... ထွက်သွားစမ်း"

လို့ အသံကုန်အော်ဟစ်လိုက်တယ်။

သူမအော်သံကြောင့် အိန်ဂျယ် နိုးသွားပြီး ...

"အေမီ ... အေမီ ... နင် ဘာလုပ်နေတာလဲ၊

ဘာတွေအော်နေတာလဲဟင်"

အိန်ဂျယ့်အသံကြောင့် သူမ သတိဝင်လာတယ်။

မျက်လုံးပြူးပြီး ဒေါသတကြီး သူမဟန်ကြောင့် ...

"နင် ဘယ်သူ့ကို စိတ်တိုနေတာလဲ၊

ပြီးတော့ ... မအိပ်ဘဲ ဘာထိုင်လုပ်နေတာလဲဟင်"

အိပ်မှုန်စုန်မွှားနဲ့ မေးလာတဲ့ အိန်ဂျယ်ကြောင့် သူမ အိပ်ရာခြေရင်းကို ဆတ်ခနဲ ကြည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိပ်ရာခြေရင်းမှာ ဘယ်သူမှရှိမနေတော့ဘူး။

"ငါ ... ငါ ... ငါလေ ..."

ပြောဖို့ပြင်လိုက်ပြီးမှ အိန်ဂျယ် ပိုကြောက်မှာစိုးရိမ်သွားပြီး ...

"ငါ ... ငါ ဘာမှမဖြစ်ပါဘူးဟာ၊

ဟို ... အိပ်မက် ... ဟုတ်တယ် ...

အိပ်မက်မက်နေတာ၊

နင်လည်း ပြန်အိပ်တော့၊

ငါ့ကြောင့် နင် အိပ်ရေးပျက်သွားတာ၊

ဆောရီးပါဟာ ... အိပ်တော့ဟာ"

အေမီ့စကားကြောင့် အိန်ဂျယ်က ရေသောက်ပြီး ပြန်အိပ်သွားတယ်။ အိပ်မရသူက အေမီ။

"ငါ ခုနက မအိပ်ရသေးပါဘူး၊

ခုနက မိန်းမ ဘယ်ရောက်သွားလဲ၊

သရဲခြောက်ခံရတာများလား၊



အို ... မဖြစ်နိုင်ဘူး၊

အိန်ဂျယ်ပြောတာတွေ ငါ့စိတ်ထဲဝင်ပြီး

ငါ အမြင်မှားတာပဲဖြစ်မှာပါ၊

ဒါပေမဲ့ ... လန့်ဖို့ကောင်းလိုက်တာ၊

ငါ့နေရာမှာ အိန်ဂျယ်သာဆို

သိပ်ကြောက်မှာပဲ၊

မကောင်းဆိုးဝါးဆိုတာ မရှိနိုင်ဘူး၊

ဘာပဲဖြစ်ဖြစ် ငါ လက်မခံဘူး"

အတွေးနဲ့သူမ အိပ်ပျော်ဖို့ ကြိုးစားလိုက်တယ်။

မျက်လုံးမှိတ်ထားပေမယ့် မကောင်းဆိုးဝါးရဲ့ ကြောက်စက်ဖွယ် မျက်နှာကြီးကိုသာ မြင်ယောင်နေမိတယ်။

ဒါ့ကြောင့် အိပ်မယ်ဆိုတဲ့စိတ်ကို ခိုးခိုးချပြီး ဘုရားအာရုံပြုရင်း အိပ်ပျော်ဖို့ ကြိုးစားလိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

"သူငယ်ချင်းရေ ... ငါ ခုညနေကားနဲ့ ခရီးသွားမှာမို့ နင့်ကို တစ်ခါတည်း အိမ်သော့ အပ်ခဲ့မယ်နော်"

အဝတ်အစားတွေကို အိတ်ထဲထည့်ရင်း သူမ အေမှိကို ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နှင့်အဝတ်အစားကလည်း

နှစ်စုံတည်းလား၊ ဟိုဘက်မှာ

အေးချင်အေးမှာနော်၊

အနွေးထည်လုံလုံလောက်လောက် ယူသွားဦးဟ၊

နှင် ဘယ်နှရက်လောက် နေဖြစ်မှာလဲ"

အမေ့စကားကြောင့် အိန်ဂျယ်က ...

"အခြေအနေအရပေါ့ အမေရယ်၊

ကိုနေနဲ့တွေ့ရင်တော့ ကြာနိုင်တာပေါ့ဟာ၊

မတွေ့ဖြစ်ရင်တော့ ..."

ညှိုးငယ်သွားရှာတဲ့ အိန်ဂျယ့်မျက်နှာလေးကြောင့် အမေ့စိတ်မကောင်းဖြစ်သွားပြီး ...

"ကဲပါ သူငယ်ချင်းရယ် ...

နှင် ကံကောင်းမှာပါဟာ ... နှင့် အဆင်ပြေမှာပါ၊

ငါ့ဆီလည်း အကျိုးအကြောင်း ဖုန်းဆက်ဦးနော်၊

နှင် ငါနဲ့ တစ်ခါတည်း အပြင်လိုက်ထွက်မှာလား၊



ငါလည်း စာသွားပြဖို့ အချိန်နီးနေပြီဟ"

လို့ ပြောလိုက်တဲ့အခါ အိန်ဂျယ်ဟာ ဝေ့ဝဲနေတဲ့ မျက်ရည်စကို မျက်တောင်နဲ့ ပုတ်ထုတ်ရင်း ...

"အင်း ... ငါ တစ်ခါတည်း

လိုက်ဆင်းမယ်လေဟာ"

လို့ ပြောလိုက်တယ်။

ပြီးတော့ မီးခလုတ်ကိုချလိုက်ပြီး အမေနဲ့အတူ အောက်ဆင်းခဲ့တယ်။

နှစ်ယောက်သား ကော်ဖီဆိုင်တစ်ခုမှာ နေ့လယ်စာ ဝင်စားသောက်ကြတယ်။

ပြီးမှ တစ်ယောက်တစ်လမ်းဆီ လမ်းခွဲလိုက်ကြတယ်။

အိန်ဂျယ်ဟာ ကားဂိတ်ဆင်းဖို့ အချိန်စောသေးတာကြောင့် တက္ကစီငှားပြီး ရွှေတိဂုံဘုရားဘက် ထွက်ခဲ့တယ်။

ဘုရားရောက်တော့ ကိုနေ့ရဲ့ နေ့နံထောင့်မှာ နှင်းဆီပန်းတွေ လှူဒါန်းပြီး ဘုရားဝတ်ပြုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သူမရဲ့နေ့နံထောင့်သွားပြီး ဝတ်ပြုလိုက်တယ်။ ကိုနေနဲ့ အမြန်ဆုံး ပြန်တွေ့ဖို့လည်း ဆုတောင်းမိ တယ်။

သူမဟာ ဘုရားကန်တော့ပြီးနောက် တန်ဆောင်းတစ်ခု မှာ သွားထိုင်ရင်း ရွှေတိဂုံရင်ပြင်တော်ကြီးရဲ့မြင်ကွင်းကို ငေး မောကြည့်နေမိတယ်။

ဘုရားအရိပ်ရောက်နေလို့လားမသိဘူး ... သူမရင်ထဲက ပူပင်သောကတွေဟာ ခဏတာ အေးချမ်းသွားသလို ခံစားနေရ တယ်။

"ဒီမှာ ခဏထိုင်လို့ရမလား မိန်းကလေး"

အသံကြောင့် ဘေးကို သတိပြုမိလိုက်တော့ အသားညို ညိုနဲ့ ဟိန္ဒူဘာသာဝင် အမျိုးသမီးတစ်ဦး။

တန်ဆောင်းမှာထိုင်တဲ့သူ များပြားတဲ့အတွက် နေရာ လွတ်ဖြစ်တဲ့ သူမနံဘေးထိုင်ဖို့ တောင်းဆိုနေတာ။

"ရပါတယ်ရှင့် ... ထိုင်ပါ"

အမျိုးသမီးက သူမဘေး ဝင်ထိုင်လိုက်ပြီး အမောဖြေ နေတယ်။

ထိုအမျိုးသမီးရဲ့မျက်နှာဟာ အေးချမ်းမှုနဲ့ ပြည့်စုံနေ တယ်လို့ သူမ ခံစားရတယ်။

သူမကလည်း အိန်ဂျယ်ကို ပြန်ပြီး ပြုံးရင်း စိုက်ကြည့် နေတယ်။

"မိန်းကလေး စိတ်မဆိုးရင် တစ်ခုလောက် ပြောချင်တယ်"

"ဩော် ... ရပါတယ်၊ ပြောပါရှင့်"

"ခြေနှစ်ချောင်း အဝင်မခံနဲ့ကွဲ့၊
ဝင်ခဲ့ရင် ကိုယ့်ရဲ့ကံကြမ္မာဟာ
အဆိုးဘက် ဦးတည်သွားနိုင်တယ်၊
အင်း ... ဒါပေမဲ့လည်း ကံကြမ္မာဆိုတာ
ပြုပြင်ပြောင်းလဲခွင့်မှ မရှိဘဲကွယ်၊
မိန်းကလေး ဒီအချိန်ကစပြီး ...

www.burmeseclassic.com



ရတနာသုံးပါးကိုသာ မမေ့မလျော့

နှလုံးသွင်းထားပါ"

ထိုအမျိုးသမီးရဲ့စကားကြောင့် သူမ အံ့အားသင့်သွားရတယ်။

သူမ ပြန်မေးဖို့ ပြင်လိုက်စဉ်မှာပဲ အမျိုးသမီးက ဆားကနေ ဖြည်းညင်းစွာ ထွက်သွားတော့တယ်။

"အစ်မကြီး ... နေပါဦးရှင့် ...

နေပါဦး"

သူမ လှမ်းခေါ်လိုက်ပေမယ့် ထိုအမျိုးသမီးက ဖြည်းညင်းစွာပဲ ဆက်လျှောက်သွားတယ်။

"သူ ငါ့ကို ဘာတွေပြောသွားတာလဲ၊

သူ ဆိုလိုချင်တဲ့အဓိပ္ပာယ်က ဘာပါလိမ့်၊

ငါ တွေးလို့မရပါလား"

ထိုသို့တွေးနေချိန်မှာပဲ နာရီကြည့်မိတော့ သုံးနာရီကျော်နေပြီ။



ကားက ငါးနာရီထွက်မှာ။ ဒါ့ကြောင့် အတွေးနဲ့ပဲ ဘုရားပေါ်က ဆင်းခဲ့ရတယ်။

တက္ကစီပေါ်ရောက်တော့လည်း ဘုရားမှာ တွေ့တဲ့အမျိုးသမီးရဲ့စကားကို ဆက်တွေးမိတယ်။

"ခြေနှစ်ချောင်းဆိုတာ ငါ့ဗိုက်ထဲက

ကလေးကိုများ ပြောချင်တာလား၊

ဒီကလေးကြောင့် ငါ့ကံကြမ္မာ

ပြောင်းလဲမယ်လို့ ဆိုချင်တာများလား၊

အို ... ကလေးကြောင့် ဘယ်လိုကြမ္မာတွေပဲ

ဖြစ်ပါစေ ... ငါ ဒီကလေးကို မစွန့်လွှတ်နိုင်ဘူး၊

ကိုနေနဲ့ ငါ့ရဲ့ရင်သွေးလေး၊

ကိုနေရဲ့စကားကိုပဲ ငါ နားထောင်မယ်၊

ဒါပေမဲ့ ... ငါ့ဗိုက်ထဲမှာ

ကလေးရှိနေတာ အဲဒီအမျိုးသမီးက

ဘယ်လိုသိတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်များ ပေါက်ရောက်နေလို့လား၊
အို ... သူပြောခဲ့တာပဲ ရတနာသုံးပါးမမေ့ဖို့၊
ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကို
စိတ်ထဲ အမြဲနှလုံးသွင်းထားရင် ...
ဘာအန္တရာယ်မှ မဖြစ်နိုင်ပါဘူးလေ"

□□□

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

ဧမိတစ်ယောက် ဒီနေ့ ပျော်ရွှင်နေသလို ရင်ခုန်သံတွေလည်း မြန်နေမိတယ်။

ချစ်သူနဲ့သူမ ဖုန်းဗိုက်ဘာနဲ့ပဲ စကားပြောခွင့်ရခဲ့တာ လတွေ မနည်းခဲ့ပေ။

ဒီနေ့တော့ မျက်လုံးဒေါက်ထောက်ကြည့်ပြီး အလျှင်း



သင့်ရင် သင့်သလို စာသင်ပေးရတဲ့ အိမ်တွေထိ လိုက်ပြီး ချောင်းတတ်တဲ့ အစ်ကိုတွေရဲ့ရန်က လွတ်အောင် အိန်ဂျယ် တိုက်ခန်းကို ချိန်းလိုက်တယ်။

ဒါ့ကြောင့် စာသင်ပြီးတာနဲ့ တိုက်ခန်းရှိရာ တက်စီနဲ့ ပြေးခဲ့မိတယ်။

ဒီအချိန်လောက်ဆို တိုက်ရှေ့မှာ မောင်တစ်ယောက် စောင့်နေလောက်ပြီ။

ကားလမ်းကြောတွေက ကြပ်တဲ့အတွက် ချိန်းထားချိန်နဲ့ မိနစ်နှစ်ဆယ်လောက် နောက်ကျပြီးမှ သူမ ရောက်သွားတယ်။

တက်စီပေါ်က ဆင်းလိုက်တယ်ဆိုရုံနဲ့ မောင်တစ်ယောက် အပြေးတစ်ပိုင်းရောက်လာပြီး ...

"စောင့်လိုက်ရတာ မီရယ် ...

မောင်က စိတ်ပူနေတာ၊

မီ လာနိုင်ပါ့မလားလို့ ... ခုမှပဲ

စိတ်အေးရတော့တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အလျင်စလို ပြောလာတယ်။

သူမလည်း လမ်းကြောကြပ်လို့ နောက်ကျတဲ့ အကြောင်း ရှင်းပြပြီး တိုက်ခန်းပေါ် တက်ခဲ့ကြတယ်။

တိုက်ခန်းထဲရောက်တော့ အေမီဟာ ဝရန်တာဘက်မှာ ရှိတဲ့ မိန်းခလုတ်ကိုဖွင့်ပြီး မီးဖွင့်လိုက်တယ်။

မောင်က အခန်းကို လှည့်ပတ်ကြည့်ရင်း ...

"မို့သူငယ်ချင်းက သူ့ယောက်ျားကို
လာရှာတယ်သာဆိုတယ် အိမ်ထောင်ပစ္စည်းတွေက
အပြည့်စုံပါလား"

လို့ ပြောတဲ့အတွက် ...

"ပြည့်စုံမှာပေါ့ မောင်ရဲ့ ... အိန်ဂျယ်က
သူ့ယောက်ျားနဲ့တွေ့ရင် ဒီမှာပဲ အခြေချမှာလေ၊
ဒါ့ကြောင့် အားလုံးကြိုဝယ်ထားတာ၊
ပြီးတော့ ... သူ့မိဘတွေက ပိုက်ဆံသိပ်ရှိတာ၊
ဒီတော့လည်း ဝယ်နိုင်တာပေါ့ မောင့်ရဲ့၊

မောင် ကော်ဖီသောက်မလားဟင်"

မောင်က သူမအနားရောက်လာပြီး ခါးလေးကို ဆွဲဖက်လိုက်ရင်း ...

"လွမ်းတယ် မီရယ် ... မီလည်း
မို့သူငယ်ချင်းလို စွန့်စားပါလား၊
ဒါမှ ... မောင်တို့ အတူနေရမှာ"

"မောင်ရယ် ... မီတို့က ဘာမှအဆင်သင့်
ဖြစ်သေးတာ မဟုတ်ဘူးလေ၊
အချိန်လေးတော့ စောင့်ရမှာပေါ့ကွယ် ... နော်"

အေမီက ချစ်သူရဲ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ရင်း ပြောလိုက်တယ်။

မောင်ကလည်း သူမကို တင်းကျပ်စွာ ပွေ့ဖက်ထားပြီး သက်ပြင်းချသံ ကြားလိုက်ရတယ်။

ဒီနောက်မှာတော့ ချစ်သူနှစ်ဦးရဲ့ ကလူကျီစယ်သံလေးတွေက အခန်းထဲ ကြည်နူးဖွယ် လွှင့်ပျံ့နေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အိန်ဂျယ်တစ်ယောက် လားရှိုးမြို့ရဲ့ တည်းခို ခန်းတစ်ခုမှာထိုင်ရင် ငိုင်တွေနေတယ်။

သူမဟာ မြို့မှာရှိတဲ့ ကားကြီးဂိတ်သွားပြီး ကိုနေ့ကို ရှာဖွေခဲ့ပေမယ့် ဘယ်လိုမှ သတင်းအစမရဘူး။

ကိုနေ့ကို စုံစမ်းလို့မရတဲ့အတွက် သူမ အတော်လေး အားလျော့သလို ခံစားနေရတယ်။

ဒီမြို့မှာ အသိမိတ်ဆွေလည်း မရှိတဲ့အတွက် ဆက်နေ ဖို့က မဖြစ်နိုင်ဘူး။

ဒါကြောင့် ကားလက်မှတ်ဖြတ်ပြီး ရန်ကုန်ပြန်ဖို့ပဲ ဆုံး ဖြတ်လိုက်တယ်။

သူမ စိတ်ပျက်လက်ပျက်ဖြစ်ပြီး အိပ်ရာပေါ် လှဲချလိုက် တယ်။

ဗိုက်ထဲက အောင့်သလိုဖြစ်ပြီး ဆာလောင်သလိုဖြစ် လာမှ ဘာမှမစားရသေးတာ တွေးလိုက်မိတယ်။

ဒါကြောင့် ... အိပ်ရာပေါ်က ပြန်ထပြီး ထမင်းစားဖို့



ထွက်ခဲ့လိုက်တယ်။

တည်းခိုခန်းနဲ့ မနီးမဝေးမှာရှိတဲ့ ထမင်းဆိုင်။

မနေ့ကလည်း ဒီဆိုင်မှာပဲ သူမ လာစားဖြစ်တယ်။

ဆိုင်ထဲဝင်ပြီး ထိုင်လိုက်ရုံနဲ့ စားပွဲထိုးကောင်လေး ရောက်လာပြီး ...

"ဟာ ... မနေ့က လာစားတဲ့ အစ်မပါလား၊

ဘာနဲ့စားမလဲ အစ်မ"

လို့ မေးလာတယ်။

သူမလည်း ကြက်အသည်းမြစ်နဲ့ ထမင်းမှာပြီး ကိုနေ့ ကို စိတ်ရောက်သွားပြန်တယ်။

ကြက်အသည်းမြစ်ဟင်းကို ကိုနေ သိပ်ကြိုက်တာလေ။

သတင်းရလို့ သူမ လိုက်လာခဲ့ပေမယ့် ကိုနေ့ကို ရှာ မတွေ့ဘူး။

ကိုနေတစ်ယောက် ဘာလုပ်လို့ ဘယ်တွေများ ရောက် နေပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း သူမဟာ ကိုနေ့အတွက် စိတ်ပူသွားမိတယ်

ပြီးတော့ ... သူမဗိုက်ထဲက ကလေး။

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် စိတ်ထဲထူပူ

ပြီ။

"အစ်မ ... ဟင်းတွေ ရောက်ပါပြီ"

စားပွဲထိုးကောင်လေးက ထမင်းပွဲတွေ ချပေးရင်း ပြော

လိုက်ပေမယ့် သူမ မကြားဘူး။

"အစ်မ ... အစ်မ ထမင်းသုံးဆောင်လို့

ရပါပြီဗျ"

ကောင်လေးက လေသံမြှင့် ပြောလိုက်မှ သူမ သတိ

လာပြီး ...

"ဩော် ... အင်း ... အင်း"

ကောင်လေးက သူမမျက်နှာကို လှမ်းအကဲခတ်ပြီး ...

"အစ်မကြည့်ရတာ တစ်ခုခုများ ဖြစ်နေသလား၊

ကျွန်တော် ဘာကူညီပေးရမလဲဗျ၊



ဒီမြို့မှာ ကျွန်တော်မသိတာ ဘာမှမရှိဘူးနော်၊

အားမနာနဲ့ဗျ ... လိုတဲ့အကူအညီသာပြော"

ကောင်လေးရဲ့ဖော်ရွေမှုကြောင့် သူမ ခေါင်းထဲအတွေး

တစ်ချက် ဝင်သွားပြီး ...

"မင်းက အစ်မလိုအပ်တဲ့ အကူအညီ

တကယ်ပဲ ပေးနိုင်ပါ့မလား"

လို့ မေးလိုက်တဲ့အခါ ကောင်လေးက ရင်ကော့ပြီး ...

"ဗိုးတူးပါဗျ ... မကူညီနိုင်တာ ဘာမှမရှိဘူး"

"ဟုတ်ပြီလေ ... အစ်မ အခု ဒီကိုလာတာ

လူတစ်ယောက်ကိုရှာဖို့ပဲ၊ မင်း ...

ဘယ်အချိန် အလုပ်ပြီးမှာလဲ"

"ကျွန်တော် ဆယ့်နှစ်နာရီဆို

အလုပ်ချိန်ပြီးပြီဗျ၊

အစ်မတည်းတဲ့ တည်းခိုခန်းကို

လာခဲ့မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်းက အစ်မတည်းတဲ့နေရာတောင်

သိနေပါလား"

ကောင်လေးက ရယ်ကျဲကျဲအမူအရာနဲ့ ...

"ပြောပြီးပြီလေဗျာ ... ဒီမြို့မှာ

ဖိုးထူးမသိတာ ဘာမှမရှိပါဘူးဆို၊

နောက်မှတွေ့မယ် အစ်မရေ၊

ဆိုင်ရှင် ဆူမှာစိုးလို့ပါ"

စားပွဲထိုးလေးက ထိုသို့ပြောဆိုပြီး ထွက်သွားတယ်။

သူမ စိတ်ကူးမိတာက မပြန်ခင် ကိုနေ့သတင်းကို ဒီမြို့မှာ ရသလောက် စုံစမ်းဖို့ပါပဲ။

ဒါကြောင့် ဖိုးထူးလေးကို ပြောလိုက်တာ။

စားသောက်ပြီးနောက် သူမ တည်းခိုရာဆီ ပြန်ခဲ့လိုက်တယ်။ ခဏနေရင် ဖိုးထူးရောက်လာပေတော့မည်။

□□□

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

# နေ့လယ်ခင်းယံ နှစ်နာရီကျော်တော့

ခိုခန်းဝန်ထမ်းက လာအကြောင်းကြားတယ်။

အိန်ဂျယ်လည်း အောက်ထပ်ဆင်းပြီး ဖိုးထူးနဲ့ အ

ထွက်ခဲ့တယ်။

အအေးဆိုင်တစ်ဆိုင်မှာ ထိုင်ပြီးနောက် ...



"မင်း ရှာပေးရမယ့်လူက တခြားသူမဟုတ်ဘူး၊

အစ်မရဲ့ခင်ပွန်းပဲ ဖိုးထူး၊

သူ အလုပ်ရှာမယ်ဆိုပြီး ဒီဘက်ကိုတက်ခဲ့တာ

ကုန်ကားမောင်းနေတယ်လို့ သတင်းရလို့

အစ်မ လိုက်လာတာလေ၊

ဒီရောက်တော့ ကားသမားတွေဆီ စုံစမ်းတော့

သူ့အကြောင်း စုံစမ်းလို့မရခဲ့ဘူး၊

ဒါကြောင့် ... အစ်မယောက်ျားရဲ့သတင်းကို

ဖိုးထူး စုံစမ်းပေးနိုင်မလား၊

ဒီမှာ ... သူ့ဓာတ်ပုံ"

အိန်ဂျယ်က ဖုန်းထဲမှာရှိတဲ့ ကိုနေ့ဓာတ်ပုံကို ပြလိုက်

ယ်။ ဖိုးထူးက ပုံကို စူးစိုက်ကြည့်ပြီးနောက် ...

"သူ ဒီမှာ တကယ်ရှိရင်

ကျွန်တော် တွေ့အောင် စုံစမ်းပေးနိုင်ပါတယ်၊

အစ်မ ... စိတ်မပူပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... တစ်ခုတော့ရှိတယ်ဗျ၊

ကျွန်တော့်ကို အချိန်တော့ ပေးရမယ်နော်"

"ဒါပေါ့ ... အချိန်ပေးရမှာပေါ့ ဖိုးထူးရဲ့၊

အစ်မတည်းခိုခန်းမှာပဲ ဆက်နေရဦးမှာပေါ့၊

မင်းသာ ရအောင်စုံစမ်းပေးပါကွယ်"

ဖိုးထူးက သူမကိုကြည့်ပြီး ...

"အစ်မ တည်းခိုခန်းမှာ

အကြာကြီးမနေချင်ရင် ကျွန်တော်တို့အိမ်

လိုက်တည်းပါလား၊

အိမ်မှာ ကျွန်တော့်အမေ ရှိပါတယ်ဗျ၊

ကျွန်တော့်ညီမလေးလည်း ရှိတယ်လေ၊

တခြားကြောင့် မဟုတ်ပါဘူး၊

တည်းခိုခန်းမှာ အစ်မတစ်ယောက်တည်း

အကြာကြီးတည်းရင် မသင့်တော်ဘူး

ထင်လို့ပါခင်ဗျ"



ဖိုးထူးရဲ့စကားကြောင့် သူမ စဉ်းစားစရာဖြစ်သွားတယ်။

ဒါလည်း ဟုတ်တာပဲ။ ပတ်ဝန်းကျင်အမြင် မသင့်တော်သလို သူမကလည်း ဗိုက်ကြီးနဲ့။

ရက်ကြာနေရင် အရေးအကြောင်းဆို ဘေးမှာလူတွေရှိတော့ ပိုအဆင်ပြေမယ်လို့ တွေးလိုက်မိတယ်။

"မင်းပြောတာလည်း မဆိုးပါဘူး၊

အစ်မ မင်းတို့အိမ် လိုက်ကြည့်မယ်လေ၊

ကဲ ... သွားကြည့်ရအောင်"

အိန်ဂျယ်က ထိုသို့ပြောပြီး တည်းခိုခန်းပြန် အိတ်ယူလိုက်တယ်။

ဖိုးထူးက ဆိုင်ကယ်ပါလာတဲ့အတွက် သူမ အံ့ဩသွားပြီး ...

"အံမယ် ... မင်းက စားပွဲထိုးလုပ်ပြီး

ဆိုင်ကယ်နဲ့ပါလား၊ အတော် စုမိနေပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် ဖိုးထူးမျက်နှာ တစ်ချက်ပျက်သွားပြီး ...

“အထင်မကြီးပါနဲ့ အစ်မရာ၊
သူငယ်ချင်းတစ်ယောက် နယ်စပ်မှာ
အလုပ်သွားလုပ်နေလို့ ခဏအပ်ထားတာပါ၊
သူလာရင် ပြန်ပေးရမှာဗျ ... ဟဲ ဟဲ”

လို့ ပြန်ဖြေတယ်။ ဒီနောက်မှာတော့ အိန်ဂျယ်ဟာ စားပွဲထိုးကောင်လေး ဖိုးထူးရဲ့အိမ် လိုက်ခဲ့တော့တယ်။

ဖိုးထူးဆိုတာက လူရည်သန့်လေးပါ။ ပုံစံနွဲ့နွဲ့လေးနဲ့ စိတ်ထားကောင်းပုံပါပဲ။

ဆိုင်ကယ်က ရပ်ကွက်ငယ်လေးတစ်ခုထဲ ဝင်သွားပြီး အုတ်ခံပျဉ်ထောင်အိမ်လေးတစ်လုံးရှေ့ ရပ်တန့်သွားတယ်။

“အမေရေ ... လာပါဦးဗျ”

ဖိုးထူးက သူမကို အိမ်ထဲခေါ်ရင်း သူ့အမေကို လှမ်းခေါ်လိုက်တယ်။



အခန်းတစ်ခုတည်းကနေ အသက်ခြောက်ဆယ်အရွယ် အဘွားကြီးတစ်ယောက် ထွက်လာတယ်။

ထိုအဘွားကြီးရဲ့မျက်လုံးအစုံက အသက်အရွယ်နဲ့မမျှအောင် စူးရှလွန်းတယ်။

ဖိုးထူးက သူ့အမေနဲ့ မိတ်ဆက်ပေးပြီး သူ့အမေကို အကြောင်းစုံ ရှင်းပြလိုက်တယ်။

“အခက်ခဲရှိသူကို ကူညီရမှာပေါ့ကွယ်၊
ဒီအိမ်မှာ စိတ်အေးလက်အေး တည်းနိုင်ပါတယ်၊
အမေက သားနဲ့သမီးနှစ်ယောက်ပဲရှိတာ၊
ဒါက ... သမီးငယ်ပေါ့ ... အေးအေးတဲ့၊
မိန်းကလေး လိုအပ်တာရှိလည်း ခိုင်းနိုင်ပါတယ်”

အနားရောက်လာတဲ့ အသက်ဆယ်နှစ်ကျော်ကျော်အရွယ် မိန်းကလေးနဲ့ မိတ်ဆက်ပေးပြန်တယ်။

ပြီးတော့ ... သူမနားနေဖို့ အခန်းလိုက်ပြပေးကြတယ်။

ဖော်ရွေတဲ့ဖိုးထူးတို့မိသားစုကို အကဲခတ်ပြီး သူမ ဒီအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တည်းဖို့ ဆုံးဖြတ်လိုက်တယ်။

သူမနေဖို့အခန်းကို သွားစဉ်မှာပဲ ဆေးရုံနံ့လို အနံ့ကြီး နှာခေါင်းထဲ ဝင်လာတယ်။

ထိုအခန်းထဲရောက်တော့ အနံ့က ပိုမိုဆိုးဝါးလာတယ်။ အခန်းထဲမှာ သစ်သားခုတင်လေးနှစ်လုံးနဲ့ အလယ်မှာ စားပွဲ တစ်လုံး ရှိတယ်။

ပြီးတော့ အိမ်သာပါ ထိုအခန်းထဲမှာ ရှိနေတယ်။

"ကဲ မိန်းကလေးရေ ... ဒီမှာ

စိတ်အေးလက်အေး နားပေတော့၊

သားဖိုးထူး ... ပစ္စည်းမှာထားတာတွေ

အမေ့ကို သွားယူပေးဦး"

အိမ်ရှင်တွေက သူမကို နေရာချပေးပြီး ပြန်ထွက်သွား ကြတယ်။ သူမဟာ အိမ်သာပါ အသင့်ရှိတဲ့ အခန်းထဲ နေခွင့် ရပေမယ့် ... ဆိုးဝါးလွန်းတဲ့ ဆေးရုံနံ့လို အနံ့ကြီးကြောင့် ဒီအခန်းမှာ နေရမယ့်အရေး စိတ်ညစ်သွားမိတယ်။



ဒါပေမဲ့ ... ဖိုးထူးတို့ကိုလည်း မပြောလိုတော့တာကြောင့် ဒီအခန်းမှာပဲ ကြိတ်မှိတ်နေဖို့ ဆုံးဖြတ်လိုက်တယ်။

သူမဟာ လက်ကိုင်အိတ်ကို စားပွဲပေါ် လှမ်းတင်ရင်း တစ်စုံတစ်ခုကို သတိပြုမိသွားတယ်။

ပိတ်ဖြူစအုပ်ထားတဲ့ လင်ဗန်းကြီးတစ်ချပ်။

ဖွင့်ကြည့်လိုက်တော့ ဆေးရုံသုံးကတ်ကြေးတွေ၊ ဆေး ဘူးတွေကို တွေ့လိုက်ရတယ်။

"ဟင် ... ဒါ ဘာတွေလဲ၊

သူတို့က ဒါတွေ ဘာလို့ဆောင်ထားတာလဲ၊

ပြီးတော့ ... ဒီအခန်းကရော

ဘာလို့ ပိုးသတ်ဆေးနံ့တွေ နံနေရတာလဲ၊

အခန်းထဲမှာ အိမ်သာကလည်း

အသင့်ရှိနေသေးတယ်၊ စဉ်းစားစရာပဲ"

အိမ်ဂျယ်တစ်ယောက် အတွေးနဲ့အတူ အိပ်ရာပေါ် အိပ် ဖို့ မဝံ့မရဲဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နားနေလေ မမ ... ဒီမှာ မမ,သောက်ဖို့

နွားနို့ လာပို့တာပါ"

အေးအေးရဲ့အသံကြောင့် သူမ လန့်သွားရတယ်။

"ကျေးဇူး ညီမလေး ... အစ်မ

ပြီးမှ သောက်လိုက်မယ်နော်"

သူမ အေးအေးကို ဒီအခန်းအကြောင်း မေးချင်ပေမယ့် မကောင်းတတ်တဲ့အတွက် မမေးဘဲ နေလိုက်ရတယ်။ အေးအေးက သူမကို ကွက်ကြည့်ကွက်ကြည့်လုပ်ရင်းက ...

"နွားနို့ဆိုတာ ... ပူတဲ့အချိန်ပဲ

အရသာပိုရှိတာ အစ်မရဲ့၊

မြန်မြန်သောက်နော် ... အစ်မ၊

သမီး သွားတော့မယ်"

လို့ ပြောပြီး ထွက်သွားတယ်။

□□□

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

**အေမိတစ်ယောက်** မောင်မောင့်ရင်ခွင်ထဲ ရှန်း
ထွက်လိုက်ရင်း ...

“မောင်နော် ... သိပ်ကဲတာပဲ၊
အပြင်လည်းကြည့်ဦး မှောင်တော့မယ်၊
ပြန်ကြရအောင်နော်၊



စာသင်ပြီးချိန် အိမ်မရောက်ရင်
အမေတို့ဆူမှာသိလား၊
ခုတောင် နောက်ကျနေပြီ”

အေမိက အိပ်မက်က နိုးသူနှယ် အပြင်ကို လှမ်းကြည့်ပြီး အလန့်တကြား ပြောလိုက်တယ်။

“ဟုတ်ပါပြီ မီရယ် ... ပြန်ကြတာပေါ့၊
ဘယ်တော့ထပ်တွေ့ကြမှာလဲဟင်”

အေမိက အဝတ်အစားတွေကို သပ်ရပ်အောင်ပြန်ပြင်ရင်း ...

“မသိသေးဘူး မောင်ရဲ့ ...
မီသိတာ အခုအမြန်ပြန်ဖို့ပဲ၊
ထပါ မောင်ရဲ့”

မောင်မောင်လည်း ပြန်ဖို့ပြင်ဆင်လိုက်တယ်။

နှစ်ယောက်သား အိမ်တံခါးသော့ပိတ်ပြီး အောက်ဆင်းကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ဟယ်တော့ ... ဒုက္ခပဲ မောင်ရေ ...

အပေါ်မှာ မိန်းခလုတ်မချခဲ့ရဘူး”

အမိ့ရဲ့ အလန့်တကြားအသံကြောင့် ...

“အာ ... မီကလဲကွာ ... အရာရာနဲ့

အကြောင်းကြောင်းပဲ၊

ကဲပါ ... မောင်ပဲ တက်ပိတ်လိုက်မယ်၊

မီ ဒီကပဲ စောင့်နေ ... ဟုတ်လား”

မောင်မောင်က မီးဆီက အိမ်သော့ယူပြီး အပေါ်ပြန်[illegible] သွားတယ်။

ခြောက်လွှာရောက်တော့ အခန်းတံခါး အမြန်ဖွင့်[illegible] အိမ်ထဲဝင်ဖို့ ပြင်လိုက်တယ်။

သံပန်းတံခါးဖွင့်အပြီး သစ်သားတံခါးကို အမြန်ဖွင့်[illegible] ဝင်ဖို့ ပြင်လိုက်စဉ်မှာပဲ မောင်မောင်ဟာ အံ့သြမှင်တက်ဖွယ်[illegible] ဖြစ်နဲ့ ရင်ဆိုင်လိုက်ရတယ်။

သူနဲ့ လက်တစ်ကမ်းအကွာလောက်ကနေ ဖြတ်လျှော[illegible] သွားတဲ့ အဖြူရောင်ဝတ်စုံနဲ့ မိန်းမတစ်ယောက်။

ထိုမိန်းမဟာ ခြေမလှမ်းပါဘဲ လေထဲလွင့်နေသူနှယ် တရွေ့ရွေ့ သူ့ရှေ့က ဖြတ်သွားတယ်။

နောက်ဖေးဘက်ဆီကိုပေါ့ ...။

မောင်မောင်တစ်ယောက် ဘာသာခြားဖြစ်တာကတစ်ကြောင်း၊ တစ်ခါမှ မကြုံဖူးတဲ့ အဖြစ်ကို ကြုံလိုက်တာကြောင့်တစ်ကြောင်းကြောင့် ထိုမိန်းမကို မကြည့်တော့ဘဲ ဝရန်တာဘက်က မိန်းခလုတ်ကို အမြန်ပြေးချလိုက်တယ်။

ပြီးတော့ ... တိုက်အောက်ကို ဘယ်လိုပြန်ရောက်မှန်း မသိအောင် ပြေးဆင်းသွားလိုက်မိတယ်။

အမောတကြီးဟန်နဲ့ ဆင်းလာတဲ့ မောင်မောင့်ကြောင့် အမိတစ်ယောက် အံ့အားသင့်ပြီး ...

“ဟင် ... မောင် ဘာဖြစ်လာတာလဲ၊

ဘာဖြစ်လို့လဲ”

လို့ မေးလိုက်တယ်။

www.burmeseclassic.com



မောင်မောင်က အသက်ကို ဝအောင်ရှူနေရာက ...

"ရေ ... ရေတိုက်ပါ" လို့ တောင်းဆိုလိုက်တယ်။

အေမီဟာ စတိုးဆိုင်လေးက ရေသန့်တစ်ဘူး အမြန်ဝယ်ပြီး တိုက်လိုက်တယ်။

"ဒီ ... ဒီတိုက်ခန်းက မကောင်းဘူး၊

မီ ... မီ ... နောက်မလာပါနဲ့"

သူမ အကြီးအကျယ် အံ့ဩသွားမိရင်း ...

"မောင် ဘာပြောလိုက်တာလဲ၊

ဘာဖြစ်ခဲ့လို့လဲ"

လို့ ထိတ်ထိတ်ပျာပျာ မေးလိုက်မိတယ်။

မောင်မောင်က အပေါ်မှာ သူကြုံခဲ့ရတဲ့အဖြစ်အပျက်ကို ပြန်ပြောပြလိုက်တယ်။

ဘာသာခြားဖြစ်ပြီး သရဲတစ္ဆေကို အယုံအကြည်မရှိတဲ့ မောင်မောင့်ဆီက စကားတွေကြောင့် သူမခေါင်းထဲ အချက်ပေးသံတွေ ညံစီသွားတော့တယ်။



ဒါက သူငယ်ချင်း အိန်ဂျယ့်အတွက် ...

အိန်ဂျယ်တွေးထင်ထားတဲ့အတိုင်း ဒီတိုက်ခန်းမှာ သရဲရှိနေပြီ။

အိန်ဂျယ့်အတွက် စိုးရိမ်မှုတွေ လှိုက်တက်လာပြီး ချက်ချင်း ဖုန်းကို နှိပ်လိုက်မိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

ဟိန်းဂျယ်တစ်ယောက် အခန်းထဲက ဆေးရုံနံ့လို အနံ့ကြီးကို ရှူရှိုက်ရင်း ခေါင်းထဲမူးဝေလာသလို အိပ်ချင်လာသလိုကြီး ခံစားနေရတယ်။

ဒါ့ကြောင့် နွားနို့ခွက်ကို သောက်ဖို့ လှမ်းယူလိုက်တယ်။

ဖုန်းက သီချင်းသံကြောင့် သူမ နို့ခွက်မကိုင်ဖြစ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ကောက်ကိုင်လိုက်တယ်။

အေမီ့အသံမှန်းတော့ သိတယ်။

ဖုန်းလိုင်းက ပြတ်တောင်းပြတ်တောင်းဖြစ်နေတာ ကြောင့် သေချာမကြားရဘူး ဖြစ်နေတယ်။

"ဟဲလို ... အေမီ ငါမကြားရဘူး၊

နင် ဘာပြောနေတာလဲ၊

ဟဲလို ... ဟဲလို ... သူငယ်ချင်း ...

ပြော ... ငါ မကြားရဘူး"

သူမ နောက်ဆုံးသေချာကြားလိုက်တဲ့ အေမီ့အသံက...

"အရေးကြီးတယ် ... နင် အမြန်ပြန်လာ"

ဆိုတဲ့ စကားတစ်ခွန်းပါပဲ။

သူမ ချက်ချင်း ဖုန်းပြန်ခေါ်ပေမယ့် အေမီ့ဖုန်းက ... ဆက်သွယ်မှုပြင်ပ ဖြစ်နေပြီ။

"သိပ်အရေးကြီးတယ်ဆိုပါလား၊

ကိုနေမျိုး ရန်ကုန်ပြန်ရောက်နေလို့လား၊



ဟာ ... မဖြစ်ဘူး ... ငါ အမြန်ပြန်မှဖြစ်မယ်၊

အရေးကြီးကိစ္စမရှိဘဲ အေမီ့အသံကို

ဒီလောက် အလျင်မလိုပါဘူး၊

ငါ အမြန်ဆုံး ပြန်သွားရမယ်"

အိန်ဂျယ်ဟာ လက်ကိုင်အိတ်ကြီးကို ကောက်ယူပြီး အခန်းထဲက ခပ်သုတ်သုတ် ထွက်ခဲ့တယ်။

"ဟင် ... မိန်းကလေး ... ဒါ ... ဒါ

ဘယ်သွားမလို့လဲ"

ဖိုးထူးအမေက အိတ်ဆွဲထွက်လာတဲ့ သူမကို မျက်နှာ သာမယာနဲ့ မေးလာတယ်။

"ဆောရီးပါ အန်တီ၊

ကျွန်မ သိပ်အရေးကြီးတဲ့ကိစ္စရှိလို့

အမြန်ပြန်မှဖြစ်မယ်၊

ဖိုးထူးလာရင် ဒါပေးပေးပါ၊

အားလုံးအတွက် ကျေးဇူးပါနော်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ငွေတစ်သိန်းအုပ်တစ်အုပ်ကို စားပွဲပေါ်တင်ပေး
ပြီး ထိုအိမ်ကြီးထဲက အမြန်ထွက်ခဲ့တယ်။

လမ်းထိပ်ဘက်ရောက်တော့ အေမိုဆီ ဖုန်းထပ်ခေါ်
ကြည့်တယ်။

"ကျွတ် ... အရေးကြောင်းဆို
ဘေလ်က ကုန်နေပြီ၊
ငါ ဘေဖြည့်မှရမယ်"

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်တော့ စတိုးဆိုင်ငယ်လေး
ဖုန်းငွေဖြည့်ကတ်ရတယ်လို့ စာရေးထားတယ်။

အားတက်သရော ဖုန်းကတ်ဝယ်ဖို့ ပြေးလွှားသွား
သူမ ... ဆိုင်ရှေ့က မိန်းမသုံးယောက်ရဲ့စကားသံတွေကြော
တုံ့ဆိုင်းသွားရတယ်။

"တို့ရပ်ကွက်မှာ ဖိုးထူးတို့မိသားစုရှိတာ
ရပ်ကွက်နာတယ်၊ တစ်လောက
လနဲ့ချီပြီး ဒီကောင် ပျောက်သွားတာ၊



အခု ... ရဲတွေ လိုက်လာပြီလေ၊
ကားကုမ္ပဏီတစ်ခုက တန်ဖိုးကြီးကားပစ္စည်းတွေကို
သိန်းရာဂဏန်းလောက် ခိုးခဲ့တယ်ဆိုပဲ"

"သူ့အမေကရော ကောင်းလို့လားဟဲ့၊
လူကဖြင့် သေခါနီးနေပြီ၊
အောက်လမ်းပညာနဲ့ လုပ်စားနေတုန်းပဲ၊
ပြီးတော့ ... ဒင်းလုပ်တဲ့အလုပ်က
တရားမဝင်ဘဲ ကလေးဖျက်ချပေးတဲ့အလုပ်၊
အောက်လမ်းများ စွမ်းချက်နော်၊
သူကိုင်လိုက်တဲ့ဗိုက်တိုင်း ချို့ယွင်းချက်မရှိ
ပျက်ကျတာချည်းပဲ၊
နောင်သံသရာထိ အထုံပါမယ့်အလုပ်ကို
မကြောက်မရွံ့လုပ်ဝံ့တာ အံ့သြစရာပါပဲ"

ထိုမိန်းမတွေရဲ့စကားကြောင့် အိန်ဂျယ်ဟာ ထိတ်လန့်
တုန်လှုပ်သွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်ထဲ ဟန်မပျက်ဝင်ပြီး ဖုန်းကတ်ဝယ်ရင်း ဆက်နားစွင့်နေလိုက်တယ်။

ကျန်မိန်းမတစ်ယောက်က ...

"ဖိုးထူးဆိုတဲ့ကောင်က လူကသာ

နို့နံ့မစင်သေးတာ၊

မိန်းမယူတာ သုံးယောက်ရှိနေပြီ၊

ဒင်း ဟိုမှာ မဟုတ်တာလုပ်ခဲ့လို့ပေါ့၊

ထမင်းဆိုင်မှာ ဝင်လုပ်ပြီး အရှုးကွက်နင်းနေတာ၊

ဒီနေ့ပဲ သတင်းတစ်ခုကြားခဲ့တယ်၊

သူတို့အိမ်ဘေး ကွမ်းယာဆိုင်က ငါ့ပြောပြတာ၊

ဖိုးထူးက သူ့ထက်အသက်ကြီးတဲ့

မိန်းမတစ်ယောက် အိမ်ခေါ်လာတယ်တဲ့၊

ရွှေတွေလည်း ညွတ်နေအောင်

ဝတ်ထားတယ်ဆိုပဲ၊ ဒီမိန်းမလည်း

သူ့အမေစုန်းမကြီး လက်ချက်မိဦးမှာ၊

ဖိုးထူး နောက်ဆုံးမိန်းမလေး၊ ,

နင်တို့ မှတ်မိလား ... သူ့အမေက

အစာထဲဆေးခတ်ပြီး ရွှေတွေ အကုန်ယူတယ်၊

နောက်ဆုံး သူတို့ဆေးကြောင့်

အဲဒီမိန်းကလေး ရူးပြီး ထွက်သွားခဲ့တာ၊

ဒင်းတို့မိသားစုအကြောင်း ပြောရတာ

လာဘ်တိတ်တယ်အေ ... လာ ... လာ ...

သွားကြရအောင်"

ထိုမိန်းမသုံးယောက် ထွက်သွားတဲ့အခါ အိန်ဂျယ်တစ်ယောက် ကြက်သီးထမတတ် ထိတ်လန့်သွားမိတယ်။

"ဘုရားရေ ... ငါ ကံသီပေလို့ပဲ၊

ခုတောင် ရပ်ကွက်ထဲက ငါ့ကို

ဖိုးထူးနဲ့ပတ်သက်တဲ့ မိန်းမလို့မြင်နေပြီ၊

အဲမှာ ညမအိပ်မိတာ ကံကြီးလို့ပဲ"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

ရန်ကုန်ပြန်ရောက်လို့ အိမ်ရောက်ရောက်ချင်း သူမ ထူးဆန်းတဲ့အဖြစ်နဲ့ ကြုံလိုက်ရတယ်။

အခန်းထဲရောက်လို့ မောတဲ့အတွက် ရေခဲသေတ္တာဖွင့်ပြီး ရေသောက်ဖို့ ပြင်လိုက်တယ်။

ဒီအခါ စားလက်စနဲ့ ထားခဲ့မိတဲ့ ဈေးကလက်ခဲက

www.burmeseclassic.com



လောက်ကောင်တွေ တက်နေတာ တွေ့လိုက်ရတယ်။

"ဟင် ... ချောကလက် လောက်တက်တာ

ဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ အံ့သြစရာပဲ"

ထိုအဖြစ်ကြောင့် ရေခဲသေတ္တာကို သန့်ရှင်းရေးလုပ်လိုက်ရတယ်။

ဒီအချိန်မှာပဲ ဖုန်းက အသံမြည်လာတယ်။

အသံက ဖုန်းမြည်သံ မဟုတ်ဘူး။ မက်ဆေ့မြည်သံ။

"ငါနဲ့ငါ့ချစ်သူ ခိုးတွေ့တာ အိမ်က

သိသွားလို့ ငါ စာသင်ခွင့်ပါ ပိတ်သွားပြီ၊

ဖုန်းကိုလည်း သူတို့ သိမ်းတော့မှာမို့

ငါ အမြန်စာပို့လိုက်တာ၊

နင့်အတွက် အရေးကြီးတဲ့အကြောင်းကို

ငါ မေးလ်ကနေ ပို့ထားတယ် သိလား၊

ဒါပဲနော် ... ငါ အခြေအနေကောင်းမှ

နင်နဲ့ဆက်သွယ်မယ်"

အေမီ့ဆီက စာကိုဖတ်ပြီး သူမ သက်ပြင်းချလိုက်မိတယ်။

"တော်သေးတာပေါ့ ... အိမ်သော့အပို

ငါ့မှာရှိလို့၊ မဟုတ်ရင် ငါတောင်

အိမ်ထဲဝင်လို့ရမှာ မဟုတ်ဘူး၊

အေမီ့အိမ်က လူတွေကလည်း

ဘာသာရေးအယူ သည်းလိုက်တာ၊

အေမီတစ်ယောက် သနားပါတယ်"

တီးတိုးရေရွတ်ရင်း အဝတ်တွေ လဲလှယ်လိုက်တယ်။

ပြီးတော့ ရေချိုးဖို့ ရေချိုးခန်းထဲ ဝင်ခဲ့တယ်။

သူမ ရေချိုးနေစဉ်မှာပဲ ပလတ်စတစ်လိုက်ကာနောက်မှာ လူတစ်ယောက် ရပ်နေသလို အရိပ်ကို ရိပ်ခနဲမြင်လိုက်တယ်။

ဒါ့ကြောင့် ... ထိုနေရာကို သေချာစူးစိုက်ကြည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေတဲ့လူရိပ်တစ်ခု ... ဘေးတစောင်းအနေအထားနဲ့ သူမ လိုက်ကာစကို ဖျတ်ခနဲ ဆွဲဖယ်ပစ်လိုက်တယ်။

"ဟင် ... ဘာမှမရှိတော့ပါလား၊

ငါ တစ္ဆေခြောက်ခံရပြန်ပြီထင်တယ်၊

အမိ့လည်း အားကိုးလို့မရတော့ဘူး၊

ငါ့ဘာသာ စိတ်ကိုတင်းပြီး

နေမှဖြစ်တော့မယ်၊

ဒီအိမ်မှာ မကောင်းဆိုးဝါး ရှိနေတာ

သေချာပြီထင်တယ်"

တွေးလိုက်မိရင်းက ကြက်သီးဖျန်းခနဲ ထသွားတယ်။

စိတ်က ဘုရားစာ ရေရွတ်ရင်း အမြန်ချိုးလိုက်တယ်။

ပြီးတော့ ဝရန်တာထွက်ပြီး ထိုင်နေလိုက်မိတယ်။

မကြောက်ဘူးလို့သာ အားတင်းထားရတာ ... စိတ်က ချောက်ချားနေတယ်။

အလိုလိုနေရင်းက ကြက်သီးမွေးညင်းထနေတယ်။



သူမ သက်ပြင်းချရင်း ဒီအခန်းမှာ ဆက်နေလို့ သင့်ပါ့မလားလို့ တွေးလိုက်မိတယ်။

ငွေကလည်း ခြောက်လစာပေးပြီးတဲ့အတွက် နှမြောမိတာ အမှန်။

"ငါ တစ်ယောက်တည်းနေရင်

စိတ်ချောက်ချားနေမယ်၊

လူတစ်ယောက်ခေါ်ဖို့ လိုတယ်၊

ဟုတ်တယ် ... အိမ်ဖော်ခေါ်ထားရင်

ငါ့အတွက်ကောင်းမယ်"

ထိုအတွေးဝင်တာနဲ့ တစ်ပြိုင်နက် သူမ အပြင်ထွက်ဖို့ ပြင်လိုက်တယ်။

ဒါ့ကြောင့် လက်ကိုင်အိတ်ဆွဲယူပြီး အောက်ဆင်းခဲ့မိတယ်။

ဒီတိုက်မှာ သူမ အကူအညီတောင်းစရာ ဈေးဆိုင်က အဒေါ်ကြီးပဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးကိုပင် မေးကြည့်တော့ သုံးလမ်းကျော်လောက်မှာ အိမ်ဖော်ပွဲစားအိမ်ရှိတာ သိရတယ်။

အိန်ဂျယ်ဟာ ဆိုက်ကားငှားပြီး ထိုနေရာဘက် ထွက်ခဲ့တယ်။

ဆိုက်ကားဆရာက အိမ်ဖော်ပွဲစားအိမ်ရှေ့အရောက် ပို့ပေးတယ်။

ပွဲစားအိမ်ထဲရောက်တော့ အသားညိုညိုနဲ့ အပျိုပေါက်အရွယ် ကောင်မလေးသုံးယောက်ကို အသင့်တွေ့ရတယ်။

ပွဲစားမိန်းမကြီးကလည်း သူမကို ဖော်ရွေစွာ ဆက်ဆံပြီး သူ့လူတွေ စိတ်ချရတဲ့အကြောင်း ချီးမွမ်းခန်းဖွင့်ပြောပြတယ်။

နောက်ဆုံးတော့ သူမဟာ မော်မော်ဆိုတဲ့ ကလေးမလေးကို ရွေးချယ်ခေါ်ယူခဲ့တယ်။

တိုက်ခန်းပြန်ရောက်တဲ့အခါ ...

"မော်မော်ရေ ... အစ်မက

တစ်ယောက်တည်းနေတာ၊



အစ်မအမျိုးသားက ခရီးသွားနေတယ်၊

အစ်မကလည်း ကိုယ်ဝန်ကြီးနဲ့မို့

လူခေါ်ရတာလေ၊

အလုပ်ကတော့ သိပ်မရှိပါဘူး၊

အဖော်ရအောင်လို့ မော်မော့်ကို ခေါ်တာ"

သူမစကားကြောင့် ကောင်မလေး ပြုံးပျော်သွားတယ်။

အိမ်ဖော်အများစုက သက်သာတဲ့အိမ်မှာပဲ လုပ်ချင်ကြတာ မဟုတ်လား။

အိန်ဂျယ်ဟာ ကောင်မလေးကို သူမရဲ့မိသားစုနောက်ကြောင်းတွေ မေးမြန်းရင်း အချိန်က ညနေစောင်းသွားတယ်။

ဖင်ပေါ့ပြီး အလိုက်သိတဲ့ မော်မော်က ညနေစာကို ကိုယ်တိုင်ချက်ပြုတ်ပေးတယ်။

အိန်ဂျယ်လည်း လူပိုရှိတယ်ဆိုတဲ့အသိကြောင့် စိတ်အေးလက်အေး နေနိုင်တော့တယ်။ သူမ ဘာသာပြန်စာအုပ်တစ်အုပ်ဖတ်ရင်း လှဲနေမိတယ်။

www.burmeseclassic.com



စာအုပ်ဖတ်ရင်းက မျက်လုံးတွေ မှေးစင်းပြီး အိပ်ချင်လာတယ်။

ခန္ဓာကိုယ်ဟာ ပေါ့ပါးသလို ခံစားလိုက်ရရင်း အိပ်မက်နယ်ပယ်တစ်ခုထဲ ရောက်ရှိသွားတယ်။

တောင်တက်လမ်းတစ်ခု … လမ်းနံဘေးက ရှေးဟောင်းအိမ်ကြီး။

ပြတင်းပေါက်က လှမ်းကြည့်ရင် မြင်နေရတဲ့ ရှေးဆန်ဆန်အဝတ်အစားနဲ့ သူမ။

ပြတင်းပေါက်မှာရပ်ရင်း ခြံထောင့်မှာရှိတဲ့ အုတ်ဂူဖြူနှစ်လုံးထံ ငေးစိုက်ကြည့်နေတယ်။

ဝမ်းနည်းစိတ်၊ ကြေကွဲစိတ်တွေ လှိုက်တက်လာရင်း ရှိုက်ကြီးတငင်ငိုကြွေးနေတယ်။

"အစ်မ … အစ်မ"

နားထဲတိုးဝင်လာတဲ့အသံကြောင့် အိပ်မက်ကနိုးသွားတယ်။

"ဟင် .. အစ်မ ငိုနေတယ်၊
ဘာများဖြစ်လို့လဲ အစ်မ"

မော်မော်က အံ့အားသင့်ပုံနဲ့ မေးလာတယ်။

သူမဟာ ပါးပြင်က အေးစက်မှုကို သတိပြုမိရင်း မျက်ရည်တွေကို သုတ်လိုက်တယ်။

"ဘာမှမဖြစ်ပါဘူး … အစ်မ စာဖတ်ရင်း
မျက်လုံးညောင်းလို့ မျက်ရည်ပူကျတာပါ၊
အိပ်ပျော်သွားတာတောင် မသိလိုက်ဘူး"

"ညနေစောင်းကြီး မအိပ်ရဘူး
အစ်မရဲ့ … ဖျားနာတတ်တယ်၊
အစ်မက ကိုယ်ဝန်ကြီးနဲ့မို့
ပိုသတိထားရမယ်လေ၊
ကျွန်မက အရင်အိမ်မှာလည်း
ဗိုက်ကြီးသည်နဲ့ နေခဲ့ရတော့ …
ပြောပြတာပါ … စိတ်မဆိုးပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အင်းပါကွယ်၊

အစ်မလည်း မေးခနဲဖြစ်သွားတာ၊

မော်မော် မိုက်ဆာရင် စားနှင့်လိုက်ပါ၊

အစ်မတော့ မိုက်မဆာသေးဘူး"

မော်မော်နဲ့ စကားပြောနေရပေမယ့် သူမစိတ်က အိမ်မက်နယ်ထဲ ရောက်နေတယ်။

□□□

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

"ငါ ...ဘာလို့ ဒီအိပ်မက်ကို

ထပ်မက်ရတာလဲ၊ အဲဒီအိပ်မက်ကြီးမက်ပြီးရင်

တစ်ကိုယ်လုံး အားမရှိသလို

နှစ်ခါလုံး ခံစားခဲ့ရတယ်၊

ဘာလို့အိပ်မက်ထဲက မိန်းမက



ငါ ဖြစ်နေတာလဲ၊

သူကရော ဘာလို့ အုတ်ဂူနှစ်လုံးကိုကြည့်ပြီး

ပူဆွေးသောကရောက်နေတာလဲ၊

ဒီအိမ်ရောက်ပြီးမှ ဘာတွေအိပ်မက်မက်နေလည်း

မသိဘူး၊ ငါ့ဘဝမှာ ဒီလိုအိပ်မက်မျိုး

ဘယ်ခါမှ မမက်ခဲ့ဘူး၊

တွေးစရာတော့ ကောင်းနေပြီ အိန်ဂျယ်"

သူမ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး မေးခွန်းထုတ်လိုက်မိတယ်။

ဒီညက အိမ်ဖော်မိန်းကလေး မော်မော်နဲ့သူမ နှစ်ယောက် တိုက်ခန်းထဲ အိပ်စက်ရမှာ။

ညဆယ်နာရီကျော်တော့ သူမရဲ့အိပ်ရာဘေးမှာ မော်မော့်ကို ပလတ်စတစ်ဖျာနဲ့ အိပ်ရာစီစဉ်ပေးလိုက်တယ်။

အိပ်ရာက ဘေးချင်းယှဉ်လျက်ဖြစ်နေတော့ ကောင်မလေး အိန်ဂျယ်ဟာ အညာသူလေး မော်မော့်ဆီက သူမနဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်လှမ်းဝေးတဲ့ အညာမလေးအကြောင်းတွေ ညဥ့်နက်ချိန်ထိ မေးနေဖြစ်တယ်။

"မော်မော်ရေ ... အစ်မတော့ ဗိုက်ဆာလာသလိုပဲ၊

ငါတို့နှစ်ယောက် သောက်ရအောင်

ကော်ဖီဖျော်လိုက်ပါလား"

အမြဲလို တက်ကြွနေတဲ့ မော်မော်ဟာ အိပ်ရာက ဆတ်ခနဲထထိုင်လိုက်ပြီးမှ ...

"ရတယ်လေ အစ်မ ... ကျွန်မ ဖျော်ပေးမယ်၊

ဒါပေမဲ့ ... ကိုယ်ဝန်ဆောင်တစ်ယောက်က

ညဘက် ကော်ဖီသောက်တာ ကောင်းပါ့မလား၊

အရင်အိမ်ရှင်ဗိုက်ကြီးသည်က ...

ဒါတွေ ရှောင်လို့ မေးရတာပါ"

"အစ်မက ကော်ဖီ ဘယ်လောက်သောက်သောက်

အိပ်ပျော်တယ် မော်မော်ရဲ့၊

ဘာမှစိတ်မပူနဲ့ ... သွားဖျော်လိုက်ပါ"



သူမအပြောကြောင့် မော်မော် မီးဖိုဘက် ထသွားတယ်။

ခဏကြာတော့ ကော်ဖီနှစ်ခွက်နဲ့ ပြန်ရောက်လာတယ်။

"ကျွန်မ တွေ့ဖူးတဲ့ အိမ်ရှင်တွေထဲမှာ

အစ်မက စိတ်ဓာတ်သိပ်ကောင်းတာပဲ၊

တစ်တန်းတည်း ဆက်ဆံတယ်၊

ကျေးဇူးတင်ပါတယ် အစ်မရယ်"

နှစ်ယောက်သား ကော်ဖီအတူသောက်ရင်းက မော်မော်ကလည်း တောင်ပေါ်ဒေသအကြောင်းတွေ မေးမြန်းပြန်တယ်။

စကားပြောရင်း အချိန်တွေက ကုန်မှန်းမသိ ကုန်လွန်ခဲ့ပြီ။

တကယ်တော့ အိန္ဒြေယ် အချိန်တွေ ဖြုန်းနေခြင်းသာ။

ဒီအိမ်မှာ ဆက်ပြီး အိပ်ဆက်ဖို့ သူမ ထိတ်လန့်နေသလို အိပ်လိုက်လို့ အိပ်မက်လို၊ တကယ်လို ခြောက်လှန့်ခံရမှာ သိပ်ကြောက်နေပြီ။

ကော်ဖီတွေ ကုန်သွားတော့ မော်မော်ဟာ မနက်ကျမှ

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောမယ်ဆိုပြီး ရေခဲသေတ္တာပေါ် ခွက်တွေတင်ထားလိုက်တယ်။

"အစ်မ ... ပင်းတယတို့၊ အင်းလေးတို့က
ရောက်သွားရင် သိပ်ကြည်နူးဖို့ ကောင်းတယ်လို့
ကျွန်မ ကြားဖူးတယ်၊
အဲဒါ ... ဟုတ်လားဟင်"

မော်မော်ရဲ့အမေးကြောင့် သူမ ပြုံးလိုက်ပြီး ...

"အင်း ... ဟုတ်တယ်လေ၊
အဲဒီနေရာတွေက စိတ်ကိုအေးချမ်းစေတယ်"

"ဝှမ်း ... ဝှမ်း ... ဝှမ်း ... ဝှမ်း"

"ဝှမ်း ... ဝှမ်း ... ဝှမ်း"

ရုတ်တရက်အသံကြောင့် နှစ်ယောက်လုံး အသံတိတ်သွားတယ်။

အသံက နားနဲ့ကြားတဲ့အနေအထားတာ ဖော်ပြရတာ ... တကယ်တော့ ဘာပြောရမှန်းမသိတဲ့အသံကြီး။



"အစ်မ ... ဒါ ... ဒါ ...
ဘယ်က အသံကြီးလဲ"

သူမလည်း မသိတဲ့အတွက် မော်မော့်အမေးကို ဖခုံးသာ တွန့်ပြနိုင်တယ်။

မော်မော်က လယ်နေတဲ့မျက်လုံးလေးနဲ့ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တယ်။

ဒါပေမဲ့ ... နှစ်ယောက်လုံး ပြိုင်တူမြင်လိုက်ရတာကြောင့် အသံမထွက်နိုင်အောင် ထိတ်လန့်သွားမိတယ်။

ရေခဲသေတ္တာပေါ်ထားတဲ့ ကော်ဖီနှစ်ခွက် ... အကြောင်းရင်းမဲ့ ခွက်ချင်းရိုက်ပြီး လှုပ်ခတ်နေတာ။

ထိုခွက်တွေရဲ့ လှုပ်ခတ်သံက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်နေတယ်။

"ငလျင်လှုပ်တာဖြစ်မယ် ... ကြောက်စရာကြီး"

"မဖြစ်နိုင်ဘူး အစ်မ၊
ကျွန်မတို့အိပ်ရာတွေ မလှုပ်ဘူး၊

www.burmeseclassic.com



ရေခဲသေတ္တာပေါ်က ကော်ဖီနှစ်ခွက်ပဲ

လှုပ်နေတာ၊ ကျွန် ... ကျွန်မတို့ ...

တစ္ဆေခြောက်ခံနေရပြီ”

အိမ်ဖော်မလေးရဲ့အပြောကြောင့် သူမ သွေးတွေ ငယ်ထိပ်စောင့်တက်သွားတယ်။

ထိုအချိန်မှာပဲ ကော်ဖီနှစ်ခွက်ဟာ အချင်းချင်းလှုပ်ခတ်ရာကနေ စက်ဝိုင်းပုံလည်ပတ်ပြီး လှုပ်ခတ်နေတယ်။

ထိုအဖြစ်ကိုကြည့်ပြီး အိမ်ဖော်မလေး မော်မော်ဟာ ထိတ်လန့်ဟန်နဲ့ လက်ညှိုးကြီးထိုးပြီး မေ့မြောသွားရှာတယ်။

အိန္ဒိယဂျယ်တစ်ယောက် အမျိုးမျိုးလှုပ်နှိုးပေမယ့် မော်မော်တစ်ယောက် လုံးဝသတိမလည်ဘူး။

ဒါဟာ ... အိန္ဒိယဂျယ် ဒီတိုက်ခန်းမှာနေခဲ့တဲ့ သက်တမ်းတစ်လျှောက် အဆိုးဝါးဆုံးဖြစ်ရပ်ပါပဲ။

□□□

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

" ကျွန်မပြန်မယ် အစ်မ၊

ကျွန်မက သရဲသိပ်ကြောက်တတ်တာ၊

ဒီလိုအိမ်ကြီးမှာ မနေပါရစေနဲ့၊

ဒီအိမှာ သရဲရှိတာ သေချာတယ်"

အိမ်ဖော်မလေး မော်မော်ဟာ ကြောက်ရွံ့ထိတ်လန့်စွာ



ပြောဆိုပြီး သူမရဲ့အဝတ်ထုပ်လေးကို ဆွဲပြီး ပြန်ဖို့ပြင်လိုက်တယ်။

လေ့ကားဝရောက်တော့ သူမကိုလှည့်ကြည့်ရင်း —

"ကိုယ်ဝန်ဆောင်တစ်ယောက်ဟာ ...

ဒီလိုအိမ်မှာ မနေသင့်ဘူး အစ်မ၊

အစ်မလည်း သေချာစဉ်းစားပြီး

ပြောင်းရွှေ့နိုင်ရင် အကောင်းဆုံးပါ"

ထိုသို့ပြောပြီး ထွက်သွားတော့တယ်။

အိန္ဒြာယ်ဟာ အိမ်ဖော်မလေးပြောသွားတဲ့စကားကြောင့် ဘာလုပ်ရမှန်းမသိအောင် အတွေးများ သွားရတယ်။

သူငယ်ချင်းအေမီ့ထံ ဖုန်းခေါ်လိုက်ပေမယ့် စက်ပိတ်ထားတယ်။

ဒါကြောင့် ... အင်တာနက်လိုင်းဖွင့်ပြီး မိုက်ဘာရဲ့ ကျီမေးလ်မှာ အေမီ စာများပို့ထားမလားဆိုပြီး ကြည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်နက်ရှင်ကျနေတဲ့အတွက် ဘာမှဝင်မလာဘူး။

သူမ စိတ်ရှုပ်ထွေးစွာ သက်ပြင်းချလိုက်မိတယ်။

တစ်ယောက်တည်း မနေရဲတော့တာကြောင့် အဝင်တံခါးကိုဖွင့်ထားပြီး သံပန်းကိုပဲ သော့ပိတ်ထားလိုက်တယ်။

ဝရန်တာဘက်ထွက်ရင်း ပလတ်စတစ်ခုံပေါ် စိတ်မောစွာ ထိုင်ချလိုက်တော့တယ်။

"ငါ ဘာတွေဖြစ်နေတာလဲ၊

ကိုယ်ရေးကိုယ်တာကြောင့် စိတ်မောရတဲ့ကြားထဲ

ဒီတိုက်ခန်းက သရဲခြောက်နေတယ်၊

ဒီတိုက်ခန်းရောက်ပြီးတည်းက ...

တစ်မျိုးပြီးတစ်မျိုး ချောက်ချားစရာတွေ

ကြုံနေရတယ်၊ ဒီအချိန် ကိုနေသာရှိရင်

သိပ်ကောင်းမယ်၊ ငါ တစ်ယောက်တည်း

ဘယ်လောက်အားငယ်နေရသလဲဆိုတာ

သူ ဘာမှမသိဘူး၊ ငါ ဘာလို့



ဒီလောက် ကံဆိုးနေရတာလဲ၊

လားရှိုးလိုက်သွားတုန်းကလည်း

လူလိမ်ခံရမယ့်ဘေးက သီသီလေး

လွတ်ခဲ့ရတယ်၊ ဘုရားမှာ တွေ့ခဲ့တဲ့

အမျိုးသမီးကလည်း ငါ့ရဲ့ကံကြမ္မာ

မကောင်းတာ ကြိုနိမိတ်ဖတ်ခဲ့တယ်၊

ငါ ဘာဆက်လုပ်ရမလဲ ... ဘာလုပ်သင့်သလဲ"

အိန်ဂျယ်ဟာ စိတ်မောစွာတွေးရင်း ထိုင်နေမိတယ်။

ရန်ကုန်မြို့ကြီးမှာ တစ်ယောက်တည်း အားကိုးရာမဲ့နေတဲ့ သူမအဖြစ်ကိုတွေးရင်း စိတ်မကောင်းဖြစ်သွားတယ်။

ထိုအားငယ်စိတ်တွေကြောင့် မျက်ရည်ကျမိရင်း ဘဝကို အရှုံးပေးချင်တဲ့စိတ်တွေ ဝင်လာတယ်။

ဝရန်တာမှာ ထိုင်နေတဲ့ သူမ ကားလမ်းမရဲ့မြင်ကွင်းကို ကြည့်နေရာကနေ နားထဲ အသံတစ်ခုက ပဲ့တင်ထပ်လာတယ်။

"ခုန်ချလိုက် ... ခုန်ချလိုက်၊

www.burmeseclassic.com



ခုန်ချလိုက်စမ်းပါ”

သူမ တဖြည်းဖြည်း ထိုင်ရာက ထလိုက်တယ်။

“ငါ ခုန်ချလိုက်တာပဲ ကောင်းတယ်၊

ငါ့ဘဝကြီးက ဖြစ်ချင်တာ

ဘာမှဖြစ်မလာဘူး၊

ငါ အသက်ရှင်နေရင်လည်း

ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး”

သူမရဲ့ခြေကို လှမ်းလိုက်ရင်း ဝရန်တာကို ဆုပ်ကိုင် ထားလိုက်တယ်။

သူမဟာ မျက်လုံးစုံမှိတ်ပြီး ဝရန်တာရဲ့အောက်အဆင့် ပေါ် ခြေတင်လိုက်တယ်။

ဒီအခါမှာပဲ ဘုရားပေါ်မှာ စုံခဲ့တဲ့ အမျိုးသမီးရဲ့စကားကို ပြန်ကြားယောင်မိတယ်။

သူမကို ရတနာသုံးပါးမမေ့ဖို့ တိုက်တွန်းခဲ့တာ ... သူမရဲ့အသိထဲ ရတနာသုံးပါးကို အာရုံပြုဖို့ သတိဝင်လာတယ်။



မျက်လုံးဖွင့်ကြည့်လိုက်တော့ အသည်းထဲ အေးခနဲဖြစ် သွားပြီး ...

“ဘုရားရေ ... ငါ ဘာလို့ ဒီလိုမိုက်ရူးတဲ့

အတွေးမျိုး ဝင်သွားရတာလဲ၊

ဒါ မလုပ်သင့်တဲ့ကိစ္စပဲ”

အထိတ်တလန့် နောက်ဆုတ်လိုက်မိတယ်။

ဟမ်းဖုန်းကောက်ကိုင်ပြီး နံပါတ်တစ်ခု နှိပ်လိုက်မိ တယ်။

“ဟဲလို ... အကျိုးဆောင် မအေးလား၊

ကျွန်မ အစ်မငှားပေးတဲ့ ယုဇနလမ်း၊

အေ ဖော်တီဖိုက်ကပါ၊

ဟုတ်ကဲ့ ... အခန်းပြန်အပ်ချင်တယ်၊

ပြီးတော့ ... အခန်းတစ်ခန်း

အမြန်ဆုံး ပြန်ရှာပေးပါ”

အိန္ဒြာယ်ဟာ အိမ်ပွဲစားကို ထိုသို့ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က သူမကို ပြန်ပြောတဲ့စကားကြောင့် သူမက

"ဘယ်နှရက်လောက်စောင့်ရမှာလဲ အစ်မအေး၊

အဲဒီဇီဇဝါလမ်းအခန်းက ... ဩော် ... ဟုတ်ကဲ့၊

ကျွန်မ လာခဲ့ပါ့မယ် ... ကျေးဇူးပါနော်"

ဒီကပြောင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ပွဲစားက အခန်းလွတ်တစ်ခုရှိတယ်ပြောပေမယ့် တက်လို့မရသေးဘူး။

အိမ်ရှင်က ပြန်ပြီးပြင်ဆင်နေတဲ့အတွက် နောက်နှစ်ရက်လောက်မှ တက်လို့ရမှာ။

ဘာပဲဖြစ်ဖြစ် သူမ ကံကောင်းတာပဲလေ။

အခန်းတစ်ခန်းကို ရက်ပိုင်းအတွင်း ပြောင်းရွှေ့ခွင့်ရတာ။

နှစ်ရက်တော့ အောင့်အည်းပြီး နေရဦးမယ်။

အတွေးနဲ့ အိပ်ရာပေါ် လှဲအိပ်လိုက်မိတယ်။

ဒီအချိန်မှာပဲ သူမ တစ်နေ့လုံး တစ်ညလုံး ထွန်းထားတဲ့ လေးပေမီးချောင်းက မီးငြိမ်းသွားတယ်။

"ဟင် ... မီးပျက်သွားပြီထင်တယ်၊

ကြောက်ပါတယ်ဆိုမှ ...

အရေးထဲက ပျက်ရသေးတယ်"

အမှောင်ထဲ စိတ်က ဂနာမငြိမ်ဘူး။

တောင်တောင်မြောက်မြောက် လျှောက်ကြည့်ရင်း ချောက်ချားလာတယ်။

အဝင်ဝ သစ်သားတံခါးကိုဖွင့်ထားလို့သာ တော်သေးတယ်။

နားထဲမှာ သီချင်းသံတွေ ကြားနေရတယ်။

မီးပျက်နေတာပဲ ... ဘယ်က ဖွင့်နေပါလိမ့်။

ထပြီး အပေါက်ဝကို သွားကြည့်တော့ ဘေးအခန်းက ဖွင့်နေတာ။

သူမ တံခါးခေါက်ပြီး သွားမေးလိုက်တယ်။

"မီးမပျက်ပါဘူး အစ်မ၊

www.burmeseclassic.com

www.burmeseclassic.com



သားတို့တောင် သီချင်းဖွင့်ထားတာပဲ"

ကောင်လေးက ပြောဆိုပြီး တံခါးပြန်ပိတ်သွားတယ်။

သူမ အောက်ဆင်းပြီး မီတာပုံးထားရာ သွားလိုက်တယ်။

မီတာပုံးထားရာနားမှာ ကောင်လေးနှစ်ယောက် ထိုင်ပြီး စကားပြောနေတယ်။

"မောင်လေးရေ ... အစ်မအခန်းတစ်ခန်းထဲ

မီးမလာလို့ ... ကြည့်တတ်ရင် မီတာပုံးလေး

တစ်ချက်လောက် ကြည့်ပေးပါလား"

"အစ်မအခန်းဘေလ်မဆောင်လို့ ...

မီးဖြတ်လိုက်တာဖြစ်မယ်၊

အစ်မ ဒီလ ဘေလ်ဆောင်ပြီးပြီလား"

ကောင်လေးရဲ့စကားကြောင့် သူမ သတိရသွားပြီး ...

"အင်း ... ဟုတ်သားပဲ၊

မီတာမှ မဆောင်ရသေးတာ၊



ကျေးဇူးပဲနော်"

သူမစတိုးဆိုင်က ဖယောင်းတိုင်အကြီးတစ်ထုပ် ဝယ်ပြီး ပြန်တက်ခဲ့တယ်။

သရဲခြောက်လို့ ချောက်ချားနေပါတယ်ဆိုမှ မီးတဝါ အဖြတ်ခံထားရသေးတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

**ဟိုညက** သူမအတွက် ချောက်ချားဖွယ်အကောင်းဆုံး ညတစ်ညပါပဲ။

တစ်အိမ်လုံးရှော အိပ်ရာဘေးမှာပါ ဖယောင်းတိုင်တွေ ထိန်နေအောင် ထွန်းထားလိုက်တယ်။

ဘာမီတွန်နှစ်လုံးသောက်ထားပေမယ့် ကြောက်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တော်ရုံနဲ့ အိပ်မရဘူး။

တော်သေးတာက ဒီညက လပြည့်ညဖြစ်နေတယ်။

အပြင်မှာ လရောင်က ထိန်လင်းနေတယ်။

သူမ အိပ်ရာပေါ် အိပ်ရင်း တိုင်ကပ်နာရီကိုသာ အဓိပ္ပာယ်မဲ့ ကြည့်နေမိတယ်။

အချိန်တွေ မြန်မြန်ကုန်ဖို့လည်း ဆုတောင်းနေမိတယ်။

ထိုစဉ်မှာပဲ နောက်ဖေးဘက်က အရိပ်တစ်ခု လှုပ်ရှားနေတာ မြင်လိုက်ရတယ်။

ထိုအရိပ်က အိပ်ရာဆီ တရွေ့ရွေ့ ရွေ့လျားနေပြီ။ ဆံပင်ဖားလျားချထားတဲ့ ပုံရိပ်။

သူမ ကြောက်စိတ်က ငယ်ထိပ်ဆောင့်သွားတယ်။

"ဟင် ... အဖြူရောင်နဲ့ဆံပင်ဖားလျားချထားတဲ့

မိန်းမပါလား၊ ဒါ ... ဒါ ... ငါ

အိပ်မက်လို ကြုံခဲ့ဖူးတဲ့ မိန်းမပဲ၊

အိပ်မက်ထဲမှာ မြွေကြီးကနေ ဒီမိန်းမပုံ



ပြောင်းသွားတာ"

စိတ်က တွေးလိုက်ပြီး နံရံထောင့်ကို တိုးကပ်လိုက်မိတယ်။

ချောက်ချားဖွယ်အရိပ်ကြီးက သူမအိပ်ရာခြေရင်း ရောက်လာပြီ။

"နင့် ကို ခွင့် မ ပြု ဘူး ... နင်

ဘယ်မှ မသွားရဘူး၊ မ သွား ရ ဘူး"

အသံကြီးက လိပ်ပြာလွင့်မတတ် ကြောက်ဖို့ကောင်းတယ်။

"ဟင့်အင်း ... ကျွန်မ မနေနိုင်ဘူး၊

ရှင် ဘာလို့နှောင့်ယှက်နေတာလဲ၊

ရှင် ဘယ်သူလဲ"

"နင် က ငါ့ ကို နှောင့် ယှက် တာ၊

ဒါ ငါ့ နေ ရာ ... နင့် ဗိုက် ထဲ က

က လေး ကို ငါ လို ချင် တယ်၊

www.burmeseclassic.com

www.burmeseclassic.com



နင် ဘယ် မှ မ သွား ရ ဘူး”

ထိုအသံကြောင့် သူမ ပိုပြီးကြောက်ရွံ့သွားတယ်။

သရဲမက ဗိုက်ထဲက ကလေးလေးကို တောင်းနေပြီ။

“မပေးဘူး ... ကျွန်မရဲ့ကလေးကို

မပေးနိုင်ဘူး၊ ထွက်သွား ... သွား”

အသံကုန် ကျုံးပြီး အော်လိုက်မိတယ်။

ထိုသရဲမထံက ခြောက်ကပ်ကပ် ရယ်သံကြီး ထွက်ပေါ်လာတယ်။

သရဲမရဲ့လက်ကြီးတစ်ဖက်က ရှည်ထွက်လာပြီး သူမ ဗိုက်နားရောက်နေပြီ။

သူမ နားအစုံပိတ်ရင်း မျက်လုံးစုံမှိတ်ထားလိုက်တယ်။

ဆောက်တည်ရာမဲ့နေတဲ့စိတ်ကို ငြိမ်အောင်ထိန်းပြီး ဘုရားကို အာရုံပြုထားမိတယ်။

သရဏဂုံသုံးပါးကိုသာ နှုတ်က အကျယ်ကြီး ရွတ်ဆိုလိုက်တယ်။



သူမရဲ့တုံ့ပြန်မှုကြောင့် ထိုသရဲမ **စိတ်ဆိုးနေပုံရတယ်။**

ကျယ်လောင်တဲ့ တောက်ခေါက်သံအကျယ်ကြီး ကြားလိုက်ရတယ်။

သူမ အချိန်ကြာမြင့်စွာ သရဏဂုံရွတ်ဖတ်နေမိတယ်။

ဘာအသံမှ မကြားရတော့မှ မျက်လုံးဖွင့်ကြည့်ရင်း ...

“ဘုရား ... ဘုရား ... ငါ့ကို

ရတနာသုံးပါးက မကောင်းဆိုးဝါးလက်က

ကယ်တင်ပေးလိုက်တာပဲ”

▲

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

ဒီနေ့ အိန္ဂျယ်တစ်ယောက် စိတ်တွေလန်းဆန်းနေတယ်။

သူမ အခန်းပြောင်းရွှေ့ရမယ့်နေ့။

တစ္ဆေခြောက်လှန့်ခြင်းက ကင်းလွတ်ပေတော့မည်။

ပစ္စည်းတွေကို နောက်ရက်မှရွှေ့ဖို့ စီစဉ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူကတော့ အခု တိုက်ခန်းအသစ်သွားဖို့ ပြင်ဆင်လိုက်တယ်။

အိမ်ပြင်ထွက်ပြီး တံခါးပြန်ပိတ်ချိန်မှာ သူမ မျက်လုံးအကြည့်က သစ်သားဆိုင်းဘုတ်ထံ ရောက်သွားတယ်။

အိမ်ရှင်တွေ လုံးဝမဖြုတ်ခိုင်းတဲ့ ဆိုင်းဘုတ်။

"ဒေါ်ခင်ခင်သက် ... ဒုတိယညွှန်ကြားရေးမှူး"

ဒီဆိုင်းဘုတ်ဟာ ဒီအိမ်မှာ အရေးပါနေတယ်လို့ သူမ တွေးလိုက်မိတယ်။

သူမ သက်ပြင်းချမိရင်း အောက်ထပ်ဆင်းခဲ့လိုက်တယ်။

စတိုးဆိုင်ကိုဝင်ပြီး တစ်ရှူးဝယ်ရင်း သူမ ပြောင်းတော့မယ့်အကြောင်း အဒေါ်ကြီးကို ပြောလိုက်တယ်။

ဆိုင်ရှင်အဒေါ်ကြီးက သူမကိုကြည့်ရင်း ...

"ပြောင်းလာတာ တစ်လမပြည့်ဘဲ သွားတော့မယ်ဆိုတော့ ...



အဖော်တီဖိုက်မှာ ထိတ်လန့်စရာတွေ ကြုံခဲ့ပြီထင်တယ်"

"ဟုတ်ပါတယ် အဒေါ်၊

အဒေါ်က ဒီမှာနေတာကြာတော့ အဖော်တီဖိုက်နဲ့ပတ်သက်ပြီး တစ်ခုခု သိထားမယ်ထင်တယ်၊ ကျွန်မတော့ အစတည်းက အမျိုးမျိုး ကြုံခဲ့ရတယ်၊ အိမ်ရှင်က အခန်းအပ်အပ်ချင်း ပြောတယ်၊ အဝင်မှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို မဖြုတ်ဖို့၊ ပြီးတော့ ... နောက်ဖေးတံခါးမဖွင့်ဖို့တွေပါ၊ အဲဒါ ဘာအကြောင်းကြောင့်လဲ အဒေါ်၊ နံရံမှာလည်း သံပရာသီးခြောက်တွေ စိုက်ထားတယ်"

အိန္ဒာ့အမေးကြောင့် ဆိုင်ရှင်အဒေါ်ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေအားလုံး အဒေါ်

သိပါတယ်၊ အိမ်ရှင်က သူ့အခန်းနဲ့

ပတ်သက်ပြီး ပြောရင် မကြိုက်ဘူးလေ၊

ဒီအခန်းနေတဲ့သူအားလုံး လမပြည့်ဘဲ

ပြောင်းကြတာ များတယ်၊

ဒီအခန်းရဲ့ပိုင်ရှင်အမှန်က ...

အပျိုကြီးခင်ခင်သက်ပါပဲ၊

အပျိုကြီးဟာ ဒီအခန်းမှာ

သူတစ်ယောက်တည်း နေထိုင်ခဲ့တယ်၊

သူသေဆုံးပြီးမှ သူ့ရဲ့မောင်ဖြစ်သူက

အခန်းကိုရတာပါ၊

သမီးတို့သိထားတဲ့ အိမ်ရှင်ပေါ့ကွယ်"

"အပျိုကြီးက ဘာလို့ဆုံးခဲ့တာလဲ အဒေါ်"

"သူဟာ အရင်ထဲက နှလုံးရောဂါ

ခံစားခဲ့ရသူပါ၊ ရောဂါသိပ်ပြင်းထန်လာတော့

ရုံးက ဆေးခွင့်ယူပြီး အိမ်မှာပဲ

နားနေခဲ့ရတယ်၊ အဲ့ချိန်က ...

အပျိုကြီးနဲ့ အဒေါ်တို့ဟာ သိပ်ခင်တာလေ၊

သူ့အခန်းကို အဝင်အထွက် ရှိခဲ့တယ်၊

သူ ရောဂါဆိုးဝါးနေတာတောင် ...

သူ့မောင်က တစ်ချက်မှ လာမကြည့်ခဲ့ပါဘူး၊

အပျိုကြီးက မာနကြီးသလို ...

ကပ်စေးလည်း သိပ်နည်းတာကွဲ့၊

အိမ်ဖော်တောင် မခေါ်ဘူးလေ၊

တစ်နေ့ သူတစ်ယောက်တည်း ရှိနေတုန်း ...

နောက်ဖေးဘက်ထွက်ပြီး အဝတ်လှမ်းပုံရပါတယ်၊

အဲမှာ ရုတ်တရက် နှလုံးဖောက်ပြီး

နောက်ဖေးဝရန်တာကနေ ပြုတ်ကျခဲ့တယ်၊

အဒေါ်တို့လည်း အနောက်ဘက်က

ဝုန်းခနဲအသံကြားမှ တိုက်နောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြေးကြည့်ကြတာ၊ အဲဒီမှာ … သူ့ကို
သွေးအိုင်ထဲ တွေ့လိုက်ရတာပါပဲ၊
သူဆုံးလို့ အကြောင်းကြားတာတောင်
သူ့မောင်က ချက်ချင်းရောက်မလာဘူးလေ၊
အသုဘချခါနီးမှ ရောက်လာခဲ့တာ၊
အပျိုကြီးဟာ အဲလိုအဖြစ်ဆိုးနဲ့
သေဆုံးပြီးနောက်ပိုင်း သူ့မောင်က
သူ့အစ်မရဲ့အတွင်းပစ္စည်း၊
အပြင်ပစ္စည်းအားလုံးကို
ရသွားခဲ့တာပေါ့၊ ကပ်စေးနဲပြီး အစွဲကြီးတဲ့
အပျိုကြီးဟာ တိုက်ခန်းကနေ
မကျွတ်လွတ်နိုင်ဘူးပေါ့၊ အိမ်ငှားအားလုံးကို
အမျိုးမျိုး ခြောက်လှန့်ခဲ့တယ်၊
ဒါကို သူ့မောင်က သိပေမယ့်
လောဘနဲ့ အခန်းဆက်ငှားခဲ့တာ၊



အဒေါ်တို့လည်း သူ့အခန်းနေသူတိုင်း
ဖြစ်ပျက်နေတာတွေ မကြည့်ရက်လို့
ကောင်းမှုတွေ လုပ်ပေးခဲ့ပါသေးတယ်၊
ဒါပေမဲ့ … သူ မကျွတ်လွတ်နိုင်ခဲ့ပါဘူး၊
သူ့အခန်းမှာ နေခဲ့တဲ့သူတွေဟာ
ဆရာအမျိုးမျိုးနဲ့ သူ့ကို နှင်လွှတ်ခဲ့ကြတယ်၊
ဒါ့ကြောင့် … နံရံမှာ သံပရာသီးခြောက်တွေ
ရှိနေတာပဲကွဲ့၊ သူက ဆရာတွေနဲ့ နှင်လေ
ပိုဆိုးလေပဲ၊ နောက်ဆုံးတော့လည်း …
လူတွေက ပြောင်းပြေးကြရုံကလွဲရင်
ဘာမှမတတ်နိုင်ခဲ့ကြပါဘူးကွယ်"

ဆိုင်ရှင်အဒေါ်ကြီးရဲ့ရှင်းပြမှုကြောင့် အိန်ဂျယ် သက်ပြင်းချလိုက်မိတယ်။

"ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ် အဒေါ်"

"အေးပါကွယ် … ဒီအကြောင်းတွေ ပြောပြတာဟာ

www.burmeseclassic.com

www.burmeseclassic.com



သမီးက ပြောင်းတော့မယ့်သူမို့ပါ၊

အခန်းအပ်လို့ အိမ်ရှင်နဲ့ ဆုံရင်လည်း

ဒီအကြောင်း မသိပါစေနဲ့နော်၊

သူတို့က မကြိုက်ဘူးလေ"

"စိတ်ချပါ အဒေါ် ... ကျွန်မ မပြောပါဘူး၊

ခွင့်ပြုပါဦးနော်"

□□□

# အပိုင်း (၁၈)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အိန္ဂျယ့်ခေါင်းထဲ အခန်းနံပါတ် အေဖော်တီ ဖိုက်ပိုင်ရှင် ဒေါ်ခင်ခင်သက်ရဲ့အကြောင်း တွေးလိုက်မိတယ်။

"လူဆိုတာ ဘယ်အချိန်သေမယ်

မပြောနိုင်ဘူး၊ ဒေါ်ခင်ခင်သက်ဟာ

ရုတ်တရက် သေဆုံးသွားပြီး



စွဲလမ်းစိတ်တွေနဲ့ မကျွတ်လွတ်နိုင်ဘူး၊

ငါလည်း ခုချိန်မှာ ကိုနေ့ကိုပဲ

စွဲလမ်းနေတယ်၊ ရုတ်တရက်သာ

သေဆုံးခဲ့ရင် သူ့လိုဘဝရောက်မှာပဲ၊

အို ... ငါ ဘာတွေလျှောက်တွေးနေမိတာလဲ၊

နိမိတ်မကောင်းတာတွေ ငါ မတွေးသင့်ပါဘူး"

သူမအတွေးနဲ့ တိုက်ရှေ့က ကားလမ်းကို ဖြတ်ကူးလိုက်တယ်။

ခြောက်လွှာအခန်းရဲ့ ဝရန်တာမှာတော့ မိန်းမတစ်ယောက်ရဲ့ပုံရိပ်တစ်ခု။

ထိုမိန်းမဟာ အိန်ဂျယ့်ကို စူးစိုက်ကြည့်နေတယ်။

တီ ... တီ ... တီ ... တီ ...

ဟွန်းသံအရှည်ကြီးကြောင့် အိန်ဂျယ် ဆတ်ခနဲ လန့်သွားတယ်။

ဟွန်းအဆက်မပြတ်တီးပြီး အရှိန်နဲ့ မောင်းလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားကြီးတစ်စီး။

သူမ ယောင်ယမ်းပြီး နောက်ဆုတ်လိုက်ပေမယ့် ...

"ဒုန်း ... ကျွီ"

အဆိုးဝါးဆုံးကံကြမ္မာနဲ့ အိန်ဂျယ်တစ်ယောက် ရင်ဆိုင်လိုက်ရတယ်။

ကားကြီးရှေ့ ဝါးတစ်ရိုက်ကွာလောက်မှာ လဲနေတဲ့ သူမ ... တဖြည်းဖြည်း ဦးခေါင်းရဲ့နောက်ခြမ်းကနေ သွေးတွေ ယိုစီးကျလာတယ်။

ထိုချိန် လမ်းဘေးကို လွင့်စဉ်သွားတဲ့ ဖုန်းလေးက မက်ဆေ့ဝင်သံ မြည်လာတယ်။

မျက်လုံးအစုံပွင့်နေပေမယ့် အရာအားလုံး သူမ ကြားနိုင်စွမ်း ကင်းမဲ့နေပြီ။

ပတ်ဝန်းကျင်ရှိလူတွေ အိန်ဂျယ့်နံဘေး စုပြုံရောက်လာကြတယ်။

မီးလေးမှိတ်တုတ်လင်းနေတဲ့ ဖုန်းမက်ဆေ့မှာတော့ ...



"အိန်ဂျယ် နင့်အတွက် ဝမ်းသာစရာနဲ့အတူ ငါ လာနေပြီနော်၊ နင် ဘယ်မှမသွားနဲ့"

အေမီ့ဆီက မက်ဆေ့ ...

ခြောက်လွှာခန်း ဝရန်တာမှာရပ်နေတဲ့ အမျိုးသမီးဟာ သွေးအိုင်ထဲက အိန်ဂျယ့်ကိုကြည့်ပြီး ကျေနပ်အားရစွာ ပြုံးလိုက်တယ်။

BURMESE CLASSIC

ထိုအချိန် ၎င်းတို့တိုက်ရှေ့ တက်စီတစ်စီး ထိုးဆိုက်လာတယ်။

ကားတိုက်မှုကို ဝိုင်းအုံနေတဲ့ လူတွေကြောင့် ကားထဲက လူအုပ်နား ထိုးရပ်လိုက်တယ်။

"ကိုနေ ... ကားတိုက်တာနဲ့တူတယ်ဟ၊ သွားကြည့်ရအောင်"

အေမီက ထိုသို့ပြောလိုက်ပေမယ့် ကိုနေက ...

"မကြည့်ချင်ပါဘူးဟာ ... နိမိတ်မရှိတာတွေ၊ ငါ မကြည့်ချင်ဘူး၊ အိန်ဂျယ့်မျက်နှာလေးကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံးကြည့်ချင်တာဟ”

ဒီအချိန်မှာပဲ လူအုပ်ထဲ တိုးကြည့်လိုက်တဲ့ ဈေးဆိုင်ပိုင်ရှင် အဒေါ်ကြီးက ...

“ဒါ ... ခြောက်လှာ အဖော်တီဖိုက်က မိန်းကလေးပဲ ... ဖြစ်ရလေဟယ်”

လို့ အသံကျယ်ကြီးနဲ့ ရေရွတ်လိုက်တယ်။

ထိုအသံက အမှီနားထဲ ရိုက်ခတ်သွားပြီး ...

ကိုနေ့လက်ကိုဆွဲကာ လူအုပ်ထဲ အတင်းတိုးဝင်လိုက်တယ်။

သွေးအိုင်ထဲ မြင်မကောင်းအောင်ဖြစ်နေတဲ့ အိန်ဂျယ်။

အမှီနဲ့ကိုနေဟာ ထိုမြင်ကွင်းကြောင့် အသက်ရှူရပ်မတတ် ထိတ်လန့်တုန်လှုပ်သွားကြတယ်။

“ဘယ်လိုဖြစ်ရတာလဲ အိန်ဂျယ်ရယ်၊

ကိုယ်လာပြီလေ၊ အိန်ဂျယ် ... ကိုယ့်ကို

ဒီလိုပုံနဲ့ ကြိုဆိုလိုက်တာလား၊



ကိုယ် အမှီဆီက အားလုံးသိပြီးပါပြီ

အိန်ဂျယ်ရယ်၊

ကိုယ့်မျှော်လင့်ချက်တွေအားလုံး ပျက်စီးသွားပြီ၊

အိန်ဂျယ်ရေ၊ ကိုယ့်ရင်သွေးလေးပါ

နှစ်ယောက်လုံး ကိုယ် ဆုံးရှုံးလိုက်ရပြီ”

ကိုနေ့ရဲ့ကြေကွဲဆို့နင့်သံကြီးကြောင့် ကြားရသူအပေါင်း မျက်ရည်ဝဲသွားကြတယ်။

ပွင့်နေတဲ့ အိန်ဂျယ့်မျက်လုံးအစုံက သူမ သိပ်ချစ်တဲ့ ကိုနေ့ကို မမြင်နိုင်ရှာတော့ဘူး။

နားအစုံကလည်း ဘာကိုမျှ ကြားသိနိုင်စွမ်း မရှိတော့ဘူး။

ဒါပေမဲ့ သူမရဲ့ဝိညာဉ်က လေထဲလွင့်ပျံနေတယ်။

သူမရဲ့ခပ်ဝေးဝေးမှာ မြင်နေရတာက ရှေးဟောင်းအိမ်ကြီးနဲ့ အုတ်ဂူဖြူလေးနှစ်လုံး။ ထိုအုတ်ဂူတွေနားရောက်တော့ သူမနဲ့အတူ ဝိညာဉ်ငယ်လေးတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုလို အခိုးငွေ့တွေကြား ထိုဝိညာဉ်နှစ်ခုဟာ တိုးဝှေ့သွားတယ်။

ဒီနောက်မှာတော့ ဝိညာဉ်နှစ်ခုဟာ အုတ်ဂူဖြူနှစ်လုံးထဲ တိုးဝင်ပျောက်ကွယ်သွားတော့တယ်။

□□□

"အခန်းနံပါတ် A-45"

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

www.burmeseclassic.com